# ဖက်ဒရယ်မူအဆိုတင်သွင်းခြင်း

နိုင်ငံတော်၏အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် ပြည်သူ့လွှတ်တော်ကဆုံးဖြတ်လိုက်သောအခါ ထိုလုပ်ငန်းကို အထူးစိတ်ပါဝင်စားစွာဖြင့် အရေးတယူစတင်ဆောင်ရွက်ခဲ့သည့် ပြည်နယ်အစိုးရမှာ ရှမ်းပြည်နယ်အစိုးရဖြစ်သည်။ ပြည်သူ့လွှတ်တော်က အခြေခံဥပဒေပြင်ရေးအဆိုကို အတည်ပြုပြဋ္ဌာန်းပြီးနောက် အခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီမဖွဲ့စည်းမီမှာပင် ရှမ်းပြည်နယ်အစိုးရသည် အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ အကြံဉာဏ်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးရည်ရွယ်ချက်ဖြင့် ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် တောင်ကြီးမြို့၌ အစည်းအဝေးကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ ရှမ်းပြည်နယ်မှ ပါလီမန်မတ်များ ရှမ်းပြည်နယ်ရှိလွှတ်တော်မဲဆန္ဒနယ်တစ်ခုစီမှ ကိုယ်စားလှယ်နှစ်ဦးစီ၊ ရှမ်းပြည်နယ်ရှိနိုင်ငံရေးပါတီတစ်ခုစီမှ ကိုယ်စားလှယ်သုံးဦးစီ၊ ပင်လုံစာချုပ်တွင်လက်မှတ် ရေးထိုးကြသည့် ရှမ်းပြည်နယ်မှကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်မှ တိုင်းပြည်ပြုကိုယ်စားလှယ်ဟောင်းများနှင့် စိတ်ပါဝင်စားသူများကို ဖိတ်ကြားခဲ့သည်။[၁]

ထိုအစည်းအဝေးမတိုင်မီ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်ဥက္ကဋ္ဌ စဝ်ခွန်ချိုရုံးခန်း၌ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ အကြိုဆွေးနွေးပွဲတစ်ကြိမ်ကျင်းပသည်။ ထိုအကြိုဆွေးနွေးပွဲသို့ တစ်သီးပုဂ္ဂလနှင့် နိုင်ငံရေးပါတီအသီးသီးမှ တက်ရောက်ကြသော ပုဂ္ဂိုလ်များမှာ

၁။ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ခွန်ချို
၂။ သရေစည်သူစဝ်ပြည့်
၃။ မဟာသရေစည်သူ စဝ်ထွန်းအေး
၄။ သီရိပျံချီစဝ်ခွန်အောင်
၅။ ဦးသိန်းဖေ
၆။ ဦးဆီတာ
၇။ သီရိပျံချီစဝ်ရွှေမှုံ
၈။ ဦးလှဖေ
၉။ ဦးဖြူ
၁၀။ ဦးကျော်စိန်
၁၁။ ဦးထွေးလုံ
၁၂။ မစ္စတာ ဖိရို(စ်) ခန်
၁၃။ ဦးအောင်သန်း
၁၄။ ဦးထွန်းအုံ
၁၅။ ဦးလွန်း
၁၆။ ဦးချစ်ဦး
၁၇။ ဦးတင်ဖေ
၁၈။ ဦးထွန်းဖေ
၁၉။ ဦးခွန်ထီး

၁ (က) ဦးထွန်းမြင့် (တောင်ကြီး)၊ ပြည်ထောင်စုတွင်းမှ တန်းတူသောရှမ်းပြည်၊ ရန်ကုန်၊ မြန်မာ့ဗျူဟာစာပုံနှိပ်တိုက်၊ ၁၉၆၁၊ စာ ၇။ နောင်ကိုးကားလျှင် ဦးထွန်းမြင့် တန်းတူသောရှမ်းပြည် ဟုညွှန်းမည်။
(ခ) ရှမ်းပြည်ထောင်ပိုင်း တောင်ကြီးမြို့ စားမြိုင်ရိပ်သာအဆောင်အဦးတွင် ကျင်းပပြုလုပ်သော ပြည်နယ်ပေါင်းစုံညီလာခံကြီး (ရှမ်း – ကယား – ကချင် – ကရင် – ချင်း – မွန် – ရခိုင်)၏ မှတ်တမ်း၊ ရန်ကုန်၊ ဒို့တာဝန်ပုံနှိပ်တိုက်၊ ၁၉၆၁၊ စာ ၄၃။ နောင်ကိုးကားလျှင် ပြည်နယ်ပေါင်းစုံညီလာခံမှတ်တမ်း ဟုညွှန်းမည်။

၂၀။ ဝဏ္ဏကျော်ထင် ဦးသောင်းဘော[၁]

တို့ဖြစ်သည်။ အကြိုဆွေးနွေးပွဲ၌ အခြေခံဥပဒေပြင်ဆင်ရာတွင် အချိန်ယူ၍စဉ်းစားရန်လိုအပ်သဖြင့် အခြေခံဥပဒေစိစစ်ရေး ကော်မတီဖွဲ့စည်းရေးအဆိုကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့်အစည်းဝေး၌ သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေးက တင်သွင်းရန်ဆုံးဖြတ်ကြသည်။ ထိုကော်မတီတွင် သရေစည်သူစဝ်ပြည့်က သဘာပတိ၊ ရှမ်းပြည် ကောင်စီအတွင်းဝန် စဝ်ကြာစုံက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍အဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီ အသီးသီးနှင့် ရှမ်းစော်ဘွားများ အစည်းအရုံးမှ ကိုယ်စားလှယ်သုံးဦးစီနှင့် ဦးတင်အေးဆိုပြုသည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ငါးဦး ပါဝင်စေရန်လည်း ဆုံးဖြတ်ကြသည်။[၂]

တောင်းကြီးမြို့၊ စားမြိုင်ရိပ်သာ[၃] အဆောက်အအုံ၌ နိုဝင်ဘာလ ၇ ရက်နေ့တွင် အစည်းအဝေးကျင်းပသော အခါ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို ကော်မတီတစ်ခုဖွဲ့၍လေ့လာပြီးမှ ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးကြပြီး နောက် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် အခြေခံဥပဒေစီစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ကြသည်။

| | | |
|---|---|---|
| ၁။ စဝ်ပြည့် | ရှမ်းပြည်နယ်ကောင်စီ သဘာပတိ | သဘာပတိ |
| ၂။ စဝ်ခွန်အောင် | (ရတစညဖ) | အဖွဲ့ဝင် |
| ၃။ ဦးမှဲ့ | ॥ | ॥ |
| ၄။ စဝ်ယွက်မိုင်း | ॥ | ॥ |
| ၅။ စဝ်ရွှေသိုက် | (စော်ဘွားများအစည်းအရုံး) | ॥ |
| ၆။ စဝ်မန်ဖ | ॥ | ॥ |
| ၇။ စဝ်ကြာဆိုင် | ॥ | ॥ |
| ၈။ စဝ်ရွှေမှုံ | (ရပညဖ) | ॥ |
| ၉။ ဦးထွန်းအုံ | ॥ | ॥ |
| ၁၀။ ဦးစံမြ | ॥ | ॥ |
| ၁၁။ ဦးထွန်းအေး | (ရပလဖ) | ॥ |
| ၁၂။ ဦးခမ်း | ॥ | ॥ |
| ၁၃။ ဦးအောင်သန်း | ॥ | ॥ |
| ၁၄။ ဦးလွန်း | (အပညဖ) | ॥ |
| ၁၅။ ဦးစိုးမောင် | ॥ | ॥ |
| ၁၆။ ဦးချစ်ဦး | ॥ | ॥ |
| ၁၇။ ဦးဖြူ | (ပအမဖ) | ॥ |
| ၁၈။ ဦးလှဖေ | ॥ | ॥ |
| ၁၉။ ဦးကျော်စိန် | ॥ | ॥ |
| ၂၀။ ဦးထွန်းဖေ | (တသီးပုဂ္ဂလ) | ॥ |
| ၂၁။ ဦးခွန်တီး | ॥ | ॥ |
| ၂၂။ ဦးထွန်မြင့် (တောင်ကြီး) | ॥ | ॥ |

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေး ရှမ်းပြည်နယ်မှတ်တမ်းများ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ လက်နှိပ်စက်မူ။ နောင်ကိုကားလျှင် ရှမ်းပြည်နယ်မှတ်တမ်းများဟု ညွှန်းမည်။

(၂) ၅-၁၁-၆၀ နေ့၊ နံနက် ၁၀ အချိန် တောင်းကြီးမြို့ရှမ်းပြည်နယ်အစိုးရ ပြည်နယ်ဥက္ကဋ္ဌကြီး၏ ရုံးခန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပြင်ဆင်ရေးကိစ္စနှင့် ပတ်သက်၍ ကျင်းပသော အစည်းအဝေးမှတ်တမ်း၊ ရှမ်းပြည်နယ်မှတ်တမ်းများ။

(၃) ယခုစားမြိန်ရိပ်သာဖြစ်ပါသည်။

၂၃။ ဦးခွန်နောင်	။	။
၂၄။ ဦးရီရောင်း	။	။
၂၅။ စဝ်ကြာစုံ	။	အတွင်းရေးမှူး[၁]

ထိုကော်မတီ၏ တာဝန်မှာ အခြေခံဥပဒေကိုလေ့လာ၍ ပြင်ဆင်ရန်လိုအပ်သည်များကို အကြံဉာဏ်ပေးရန်ဖြစ်သည်။ ထိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကျင်းပသောအခါ အောက်ပါပုဂ္ဂိုလ် ခုနစ်ဦးအား အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်အပ်ရန်သဘောတူခဲ့ကြသည်။

၁။ စဝ်မန်ဖ
၂။ ဦးကြာပု
၃။ ဒေါက်တာဘဉာဏ်
၄။ စဝ်ထွန်းအေး
၅။ ဦးခွန်စံမြတ်
၆။ စဝ်ကျော်ခေါင်
၇။ စဝ်ဆေဟုမ်[၂] (မိုင်းပွန်စော်ဘွား)

ကော်မတီ၏အမည်ကိုလည်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး (ရှမ်းပြည်နယ်ဆိုင်ရာ) ကြိုးကိုင်ကော်မတီဟု ပြင်ဆင်ခဲ့သည်။

အခြေခံဥပဒေကိုပြင်ဆင်ရာတွင် မည်သည့်မူဖြင့် ပြင်ဆင်ရမည်ကို ရှမ်းပြည်နယ်ဆိုင်ရာ ကြိုးကိုင်ကော်မတီက ပထမစဉ်းစားသည်။ ထို့ကြောင့် အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့်မူကို လေ့လာသည်။ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာမူများမှာ

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိပြဋ္ဌာန်းချက်များကို ပြန်လည်စီစစ်ရန်နှင့် အခြေခံဥပဒေကိုလက်တွေ့လုပ်ကိုင်ဆောင်ရွက်သောအခါ၌ မကျော်လွှန်နိုင်သည့် အခက်အခဲများပါသည့် ပြဋ္ဌာန်းချက်များရှိလျှင်၊ အဆိုပါပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်၍ ရှိပြီးမူကိုမပျက်စီးစေဘဲ ပြင်ဆင်ရန်

၂။ ဒီမိုကရေစီကို ထိခိုက်ငြိစွန်းလာမည့် အချက်များတွေ့လျှင်ပြင်ဆင်ရန်၊ ဤကဲ့သို့ပြင်ဆင်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတခုလုံး၏ မူကိုမပျက်စေဘဲပြင်ဆင်ရန်

၃။ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်မည့်ပြဋ္ဌာန်းချက်များရှိလျှင်လည်း ပြုပြင်ရန်၊ ဤကဲ့သို့ပြုပြင်ရာတွင်လည်း၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုစည်းလုံးရေး၊ ပြည်ထောင်စုညီညွတ်ရေးတို့၏မူကို ဦးစားပေး၍ပြင်ဆင်ရန်

တို့ဖြစ်သည်။ ထိုသို့လေ့လာရာတွင် အခြေခံဥပဒေကြီး၏ ရှိပြီးမူဆိုသည်မှာမည်သည့်မူဖြစ်သည်ဆိုသည့်အချက်နှင့် ပတ်သက်၍ ကြိုးကိုင်ကော်မတီသည် မရှင်းမလင်းဖြစ်နေခဲ့သည်ဟု ဆိုပါသည်။ ထိုသို့အခြေခံဥပဒေ၏ ရှိပြီးမူကို ရှင်း

---

၁ (က) ပြည်နယ်ပေါင်းစုံညီလာခံမှတ်တမ်း၊ စာ ၄၃။
(ခ) ရှမ်းပြည်နယ်မှ တင်သွင်းသော ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ ရန်ကုန်၊ ဒို့တာဝန်ပုံနှိပ်တိုက်၊ ၁၉၆၁၊ စာ ၃၁ – ၃၂။ နောင်ကိုးကားလျှင် အခြေခံဥပဒေပြင်ဆင်ရေး၊ စာတမ်းဟုညွှန်းမည်။
၂ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၃၂။

ရှင်းလင်းလင်း မသိသဖြင့် ကြိုးကိုင်ကော်မတီသည် အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ခြင်း မရှိဟုလည်း ဆိုလေသည်။[၁]

ထို့ကြောင့် ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်၌ကျင်းပသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်များက အခြေခံဥပဒေပြင်ဆင်ရေးမူကိစ္စကို မေးမြန်းသောအခါ တရားရေးဌာနဝန်ကြီး ဒေါက်တာဦးမောင်က

> မူတွေဟာမစဉ်းစားပါနှင့်တော့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကွန်မြူနစ်တိုင်းပြည်သော်ငင်း၊ ကွန်မြူနစ်နိုင်ငံသော်ငင်း၊ ဖက်ဆစ်နိုင်ငံသော်ငင်း၊ မဖြစ်ရင်ပြီးရော။ ဒီမိုကရေစီနိုင်ငံ ဖြစ်ခဲ့သည်ရှိလျှင် တော်တာဘဲ[၂]

ဟုပြန်လည်ဖြေကြားခဲ့သည်။ ထိုအစည်းအဝေး၌ပင် စဝ်ရွှေသိုက်က အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ မိမိတစ်ဦးတည်း၏ ဆန္ဒသဘောထားကို ဖော်ပြထားသည့် စာတစ်စောင်ကို အခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီထံ တင်သွင်းခဲ့သည်။

အဆိုပါစာတွင်

> ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၃ နှစ်အတွင်းလေ့လာလက်တွေ့ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် ဥပဒေက လူမျိုးရေးဝါဒလိုက်နာရန် ခွင့်ပြုထားပုံ ပေါ်နေသည်။ . . . ပြည်မမြန်မာပြည်သည် ပြည်နယ်တခုအဖြစ် မဟုတ်ဘဲလျက် ပြည်နယ်များအပေါ်မှာ၊ အင်္ဂလိပ်၏ နေရာကိုယူ၍ အုပ်ချုပ်ပုံနှင့် တူနေသည်။ ပြည်နယ်အချင်းချင်း မိမိတို့ဆန္ဒအလျောက် ပူးပေါင်းသောသဘောမဟုတ် ပြည်မမြန်မာပြည်သည်၏ လက်အောက်ခံသို့ဝင်ရောက်သော သဘောသက်ရောက်နေပါသည်။ ပြည်နယ်များက အလိုရှိလျှင် ပြည်မမြန်မာပြည်ကို ပြောရသည်။ ပြည်နယ်များအား မိမိတို့ကံကြမ္မာအရ၊ မိမိတို့ဖန်တီးနိုင်ရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပေးထားသော အခွင့်အရေးမှာ ဘာတခုမှမရှိပါ အုပ်ချုပ်ရေးကိစ္စများ၌ ပြည်ထောင်စုအစိုးရ၏ သဘောအတိုင်းဖြစ်နေပါသည်[၃]

ဟုလည်းကောင်း

> ပြည်နယ်များသို့ပေးထားသော အဏ္ဏာရေးအခွင့်အရေးများ မရှိသဖြင့် ပြည်နယ်များ၏ တိုးပွားမှုကို မည်သည့်နည်းနှင့်မျှ လုပ်ကိုင်နိုင်ခြင်း မရှိပါ။ ဥပမာ ရှမ်းပြည်နယ်အား တနှစ်လျှင် ငွေကျပ်သိန်း ၁၂၅ မျှသာ အထောက်အပံ့ပေးသဖြင့် ထိုငွေမျှသာ ထိုက်တန်သည့် ပြည်နယ်အဖြစ်သတ်မှတ်ထားသကဲ့သို့ ဖြစ်နေပါသည်။ ပြည်ထောင်စုအစိုးရ၏ အကျိုးအမြတ်အပေါ်တွင် ဘာမျှဝင်ရောက်ပြောဆိုခွင့်မရှိပေ။ အခြားပြည်နယ်များလည်း ထိုနည်းငင်းပင် တည်ရှိနေပါသည်[၄]

ဟုလည်းကောင်း

> ပြည်ထောင်စု **Federation** သဘောမှန်မှာ ပြည်မ မြန်မာပြည်သည်၊ ပြည်နယ်တခုကဲ့သို့သာ ဖြစ်သင့်ပြီး၊ အခြားပြည်နယ်များနည်းတူ ရရှိအပ်သော အခွင့်အရေးမျှသာ ခံစားခွင့်ရှိသင့်ကြောင်း။ သို့သော် ယခုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရဆိုလျှင် ပြည်မမြန်မာပြည်သည် ပြည်နယ်များခံစားရသည့် အခွင့်အရေးထက်သာလွန်သော ပြည်ထောင်စုအစိုးရအာဏာအခွင့်အရေးကို ချုပ်ကိုင်သုံးစွဲထားသဖြင့် အခြားပြည်နယ်များက မကျေနပ်ခြင်း ဖြစ်ပါသည်။ မည်သည့် ပြည်နယ်သားကမဆို ပြည်ထောင်စုပျက်ပြားရန် စိတ်ထားရှိကြသူမရှိပါ။ ပြည်မမြန်မာပြည်က ပြည်ထောင်စုအတွင်းရှိ ပြည်နယ်တနယ်အနေနှင့် အခြားပြည်

---

၁ ပြည်နယ်ပေါင်းစုံညီလာခံမှတ်တမ်း၊ စာ ၄၃ – ၄၄။

၂ (က) ပြည်နယ်ပေါင်းစုံညီလာခံမှတ်တမ်း၊ စာ ၄၄။
 (ခ) ဟံသာဝတီသတင်းစာ၊ ၂၃ ဒီဇင်ဘာ ၁၉၆၀၊

၃ ဟံသာဝတီသတင်းစာ၊ ၂၃ ဒီဇင်ဘာ ၁၉၆၀။

၄ ဟံသာဝတီသတင်းစာ၊ ၂၃ ဒီဇင်ဘာ ၁၉၆၀။

> နယ်များတို့နှင့် တန်းတူပူးပေါင်းဆောင်ရွက်သွားလျှင် မကျေမနပ်မှုတို့သည်၊ တနေ့တခြားပပျောက်သွားဘို့ ရှိသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေစစ်စစ်အဖြစ် ကိုယင်ချင်းစာတရား ရှေ့ထား၍ ရေးဆွဲရန်[၁]

ဟုလည်းကောင်း ဖော်ပြထားသည်။ အခြေခံဥပဒေပြင်ဆင်ရေးမှုနှင့် ပတ်သက်၍တရားရေးဌာနဝန်ကြီး ဒေါက်တာဦးဇမောင်ထံမှ အဖြေရရှိပြီးသောအခါ အခြေခံဥပဒေပြင်ရေး ရှမ်းပြည်နယ်ဆိုင်ရာ ကြိုကိုင်ကော်မတီသည် ၎င်း၏လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ ထိုကော်မတီသည် အခြေခံဥပဒေပါ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေ့လာခဲ့သည့်ပြင် အုပ်ချုပ်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့ကြဖူးသည့် အတွင်းဝန်ဟောင်းဦးညို၊ ခရိုင်ဝန်ဟောင်း ဦးသောင်းဖေ၊ ရှမ်းပြည်နယ်အစိုးရ အတိုင်ပင်ခံအဖွဲ့ဝင် စည်သူဦးတင်နှင့် ဦးလှရှိန်စသည့် ပုဂ္ဂိုလ်များကိုပါတွေ့ဆုံ၍ ၎င်းတို့၏အုပ်ချုပ်ရေးအတွေ့အကြုံများကို မေးမြန်းစုံစမ်းခဲ့ကြသည်။ ထိုသို့မေးမြန်းချက်များနှင့် လေ့လာချက်များအရ ပြင်ဆင်ရန်လိုအပ်သည်ဟု ယူဆသည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကိုသာ ကွက်၍ ပြင်ဆင်ရုံမျှဖြင့် လုံလောက်မည်မဟုတ်ဘဲ၊ အခြေခံဥပဒေကြီး တစ်ခုလုံးကို ပြန်လည်ရေးဆွဲရန်လိုအပ်သည်ဟု ရှမ်းပြည်နယ်ဆိုင်ရာ ကြိုးကိုင်ကော်မတီကယူဆခဲ့သည်။ ၎င်းကော်မတီတွင် ပါဝင်ခဲ့ကြသည့် မည်သည့်နိုင်ငံရေးပါတီကမျှလည်း အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ စံထားရမည့်မူကို အကြံပေးတင်သွင်းနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ဗိုလ်တထောင်သတင်းစာတွင် ဦးထွန်းမြင့် (တောင်ကြီး)၏ "ကျွန်တော်တို့လိုလားသော ပြည်ထောင်စုစံနစ်" ခေါင်းစဉ်ပါ ရေးသားချက်များကို အခြေခံ၍ အခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများစတင်ရန် ရှမ်းပြည်ဆိုင်ရာ ကြိုးကိုင်ကော်မတီက ဆုံးဖြတ်ခဲ့သည်။[၂]

အထက်ပါဆုံးဖြတ်ချက်အရ အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး ရှမ်းပြည်နယ်ဆိုင်ရာ ကြိုးကိုင်ကော်မတီသည် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။

> လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်နှင့်လူမျိုးစုတိုင်း တန်းတူညီမျှမှုအတွက် လုံလောက်စွာပြဋ္ဌာန်းထားခြင်းမရှိကြောင်း
>
> ထို့ကြောင့် ပြည်နယ်နှင့်လူမျိုးစုတိုင်း တန်းတူညီမျှစေရန်အတွက် အခြေခံဥပဒေအား ပြည်ထောင်စုစစ်စစ်မူဖြင့်၊ ပြန်လည်ပြုပြင်ရေးဆွဲရန် ဤကြိုးကိုင်ကော်မတီက သဘောတူညီကြကြောင်း
>
> ယင်းကဲ့သို့အခြေခံဥပဒေအား ပြည်ထောင်စုစစ်စစ်မူဖြင့် ပြုပြင်ရေးဆွဲသည့်အခါ အောက်ပါတန်းတူညီမျှမှု၏ အခြေခံအကြောင်းရင်းများကို ထည့်သွင်းရေးဆွဲရန် ဆုံးဖြတ်ကြကြောင်း
>
> ၁။ ဗမာပြည်နယ်ဖွဲ့စည်းရေး
> ၂။ ပြည်ထောင်စုပါလီမန်လွှတ်တော်နှစ်ရပ်အား အာဏာတူပေးရေး
> ၃။ လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း ညီမျှသောကိုယ်စားလှယ်စေလွှတ်ရေး
> ၄။ ဗဟိုရ်ပြည်ထောင်စုအား အောက်ပါဌာနများလွှဲအပ်ပြီး၊ ကျန်ရှိသောအာဏာများနှင့် အခွင့်အရေးများကို ပြည်နယ်များသို့လွှဲအပ်ရန်
> (က) နိုင်ငံခြားဆက်သွယ်ရေး
> (ခ) ပြည်ထောင်စုကာကွယ်ရေး
> (ဂ) ပြည်ထောင်စုဘဏ္ဍာရေး
> (ဃ) ငွေဒင်္ဂါးနှင့် ငွေစက္ကူထုတ်လုပ်ရေး

---

၁ ယင်း

၂ ပြည်နယ်ပေါင်းစုံ ညီလာခံမှတ်တမ်း၊ စာ ၄၄-၄၅။

(င) စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး
(စ) မီးရထား၊ လေကြောင်း၊ ရေကြောင်းဆက်သွယ်ရေး
(ဆ) ပြည်ထောင်စုတရားစီရင်ရေး
(ဇ) ပင်လယ်ဆိပ်ကမ်းခွန်ကောက်ရေး

၅။ ပြည်ထောင်စုဘဏ္ဍာတော်မျှတစွာခွဲဝေရေး။[၁]

ကြီးကိုင်ကော်မတီသည် အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ အထက်ပါမူကိုချမှတ်ပြီးနောက် ဦးထွန်းမြင့် (တောင်ကြီး)၊ မိုင်းပွန်စော်ဘွား စဝ်ဆေးဟုမ်၊ စည်သူဦးတင်၊ ဦးကျော်စိန်၊ ဦးကြာပုနှင့် ဦးလှရှိန်တို့ ပါဝင်သည့် ဆပ်ကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။ အဆိုပါဆပ်ကော်မတီဝင်များသည် ကြီးကိုင်ကော်မတီ၏ တာဝန်ပေးချက်အရ ရန်ကုန်သို့လာရောက်၍ အခြေခံဥပဒေနှင့်ပတ်သက်သည့် အထောက်အထားများကို ရှာဖွေစုဆောင်း လေ့လာကြသည်။[၂] ထိုနောက် ဆပ်ကော်မတီ၏ အစီရင်ခံစာကို ကြီးကိုင်ကော်မတီသို့ တင်သွင်းသည်။ ကြီးကိုင်ကော်မတီက ဆပ်ကော်မတီ၏ အစီရင်ခံစာကို လေ့လာသုံးသပ်ပြင်ဆင်ဖြည့်စွက်ပြီးနောက် ရှမ်းပြည်နယ်မှတင်သွင်းသော ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း ကိုပြုစုပြီး ၁၉၆၁ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တောင်ကြီးမြို့၌ ကျင်းပသော ပြည်လုံးကျွတ်ညီလာခံကြီးက အဆိုပါစာတမ်းကိုအတည်ပြုခဲ့သည်။[၃]

ရှမ်းပြည်နယ်မှတင်သွင်းသော အဆိုပါစာတမ်းတွင် အပိုင်းလေးပိုင်းပါဝင်သည်။ ၎င်းတို့မှာ
၁။ နောက်ကြောင်းရာဇဝင်
၂။ စစ်ပြီးခေတ်ကာလရှမ်းပြည်
၃။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို၊ ရှမ်းပြည်နယ်အနေဖြင့် လက်တွေ့ကျင့်သုံးရာတွင် တွေ့ကြုံခဲ့ရသည့်ချို့ယွင်းချက်များနှင့်အခက်အခဲများ
၄။ ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေး

တို့ဖြစ်သည်။ အပိုင်းတစ်တွင် ရှမ်းလူမျိုးများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပုံနှင့် ဒုတိယကမ္ဘာစစ်ပြီးအထိ ရှမ်း ဗမာဆက်ရေးများအကြောင်း အကျဉ်းချုပ်ဖော်ပြထားသည်။ အပိုင်းနှစ်တွင်မူ စစ်ပြီးခေတ်ရှမ်းပြည်နှင့် ပင်လုံအစည်းအဝေး (၁၉၄၆)၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံ (၁၉၄၇) ပင်လုံစာချုပ်၊ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့၊ ဖဆပလပဏာမညီလာခံနှင့် တိုင်းပြည်ပြုလွှတ်တော်တွင် ပါဝင်ဆောင်ရွက်ခဲ့ပုံများ ပါဝင်သည်။ တိုင်းပြည်ပြုလွှတ်တော်တွင် အခြေခံဥပဒေကိုရေးဆွဲအတည်ပြုခဲ့ပုံနှင့် ပတ်သက်၍ စာတမ်းတွင် ပြန်လည်ဖော်ထုတ်တင်ပြထားသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပတ်သက်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်းချက်ခုနစ်ချက်မှ ဒုတိယလမ်းညွှန်းချက်ဖြစ်သည့်

ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ်ဖော်ပြသည့် တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာရရှိစေရမည်

ဆိုသောအချက်သည် ပြည်ထောင်စုဖွဲ့စည်းရေးအတွက် ယေဘုယျအခြေခံသဘောသာဖြစ်ကြောင်း ဖော်ပြထား၏။ ထို့ပြင် တိုင်းပြည်ပြုလွှတ်တော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက် အဆိုကိုတင်သွင်းရာတွင်

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁။
၂ (က) ကိုယ်တွေ့ပြောကြားချက်များ၊ ၀၁၂၂၊ သမိုင်းဌာန (သုတေသန)၊ ရန်ကုန်သက္ကသိုလ်။
(ခ) ကိုယ်တွေ့ပြောကြားချက်များ၊ ၀၁၃၇၊ သမိုင်းဌာန (သုတေသန)၊ ရန်ကုန်သက္ကသိုလ်။
၃ (က) အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁။
(ခ) ပြည်နယ်ပေါင်းစုံညီလာခံမှတ်တမ်း၊ စာ ၄၅။

> ဗိုလ်ချုပ်အောင်ဆန်းကပင် ဖဆပလမဏ္ဍာမညီလာခံရေးဆွဲထားသော အခြေခံဥပဒေမူကြမ်းကို တိုင်းပြည်ပြု လွှတ်တော်ကဆွေးနွေးရန် အခြေခံစာတမ်း အခြေခံစာတမ်း (as a basis for discussion) အဖြစ်လက်ခံရန် တင်သွင်းခဲ့ရာ၊ ပြည်ထောင်စုတွင်ပါဝင်သည့်ပြည်နယ်များအား အဆင့်အတန်းခွဲခြားရန် ကြံရွယ်ခဲ့ကြောင်း ထင်ရှားလေသည်[၁]

ဟုဝေဖန်ထားသည်။ သို့သော်အခြေခံဥပဒေကို ထိုစဉ်ကလက်ခံခဲ့ရသည့် အကြောင်းရင်းများကိုလည်း အောက်ပါ အတိုင်းတင်ပြထားသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော တိုင်းပြည်ခေါင်းဆောင်ကြီးများ ရုတ်တရက်လုပ်ကြံခံလိုက်ရသည်၊ တတိုင်းတပြည်လုံး ယူကြုံးမရ ဝမ်းနည်းကြေကွဲခဲ့ကြသည်။ သွေးချင်းသားချင်းညီအစ်ကိုများပို၍ သွေးစည်းညီညွတ်ရမည့် အခြေသို့ရောက်ခဲ့သည်။

၂။ နယ်ခြားကိုယ်စားလှယ်များသည် ရှမ်းပြည်ကိုယ်စားလှယ်များထံလာရောက်၍ ဗမာပြည်အခြေအနေ ဆိုးနေသည် မိမိတို့ဒေသပြန်သွားရင်ကောင်းမည်။ ဗမာပြည်မနှင့် မပူးပေါင်းဘဲ သီးခြားနေလျှင် နယ်စပ်ဒေသ တိုးတက်ရေးအတွက် အထူးထောက်ပံ့ငွေလိုသမျှ ထုတ်ပေးမည်စသည်ဖြင့် ဖျားယောင်း၍ သွေးခွဲရန်ကြိုးစားကြသေးသည်။

၃။ ဗမာပြည်မနှင့် မကွဲမကွာပူးတွဲ၍ လွတ်လပ်ရေးယူရန် သန္နိဋ္ဌာန်ချထားသော ရှမ်းပြည်ကိုယ်စားလှယ် များသည် နယ်ခြား၏ သွေးခွဲမှုကို လက်မခံ၊ တိုင်းပြည်ပြုလွှတ်တော်သို့ ဆက်လက်ပါဝင်ဆောင်ရွက်ခဲ့ကြ သည်။

၄။ တိုင်းပြည်ပြုလွှတ်တော်သို့ တက်ရောက်လာသော ရှမ်းပြည်ကိုယ်စားလှယ်များသည် (၁) နိုင်ငံရေးအ တွေ့အကြုံနုနယ်ခြင်း (၂) ဥပဒေပြုမှုလုပ်ငန်းများနားမလည်ခြင်း၊ (၃) တနှစ်အတွင်းလုံးဝ လွတ်လပ်ရေး အတွက် ဇောကြီးနေခြင်း (၄) အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးကုန်၍ အချင်းချင်းသွေးစည်းညီ ညွတ်ရေးကို ဆန္ဒပြင်းပြနေခြင်းတို့ကြောင့် အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် စကားလုံးများကို ခပ်ပေါ့ပေါ့ ပင်လက်ခံခဲ့ကြသည်။

---

၁ (က) အအခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၄။
(ခ) ဖဆပလ ပဏ္ဍာမညီလာခံက အတည်ပြုလက်ခံခဲ့သော အခြေခံဥပဒေမူကြမ်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တွင် ပါဝင်ရမည့် ပြည်နယ်များကို ဖော်ပြထားပြီး ထိုနယ်များကိုလည်း ပြည်ထောင်စုပြည်နယ် (union state) ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ် (autonomous state) နှင့် လူမျိုးစု ပြည်နယ် (national areas) များဟု ခွဲခြားမည့်သဘော ဖော်ပြထားသဖြင့် ပြည်နယ်များအားအဆင့်အတန်းခွဲခြားရန် ကြံရွယ်ခဲ့သည်ဟု စွပ်စွဲထားခြင်းဖြစ်ပေသည်။ သို့သော်တိုင်းပြည်ပြုလွှတ်တော်တွင် အခြေခံဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်အဆိုကို ဗိုလ်ချုပ် အောင်ဆန်းကတင်သွင်းသောအခါ ဖဆပလ ပဏ္ဍာမညီလာခံက လက်ခံအတည်ပြုထားသော အခြေခံဥပဒေမူကြမ်းပါအချက်အချို့ကို ပြင်ဆင်၍ တင်သွင်းခဲ့သည်။ ထိုသို့ပြင်ဆင်၍ တင်သွင်းကြောင်းကိုလည်း ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က "မူလပဌမတုန်းက ကျွန်တော် တင်သွင်းရမည့်အဆိုဟာ ဖဆပလ ပဌမညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့အဆိုဘဲဖြစ်ပါတယ်။ သို့သော်လည်း အဲ့ဒီအဆိုကို ဘတ်ကြည့်တဲ့အခါ ပြင်စာရာလိုနေတဲ့အချို့အချက်တွေကို တွေ့ရပါတယ်။ . . . အဲဒီဆုံးဖြတ်ချက်မူကို ကျွန်တော်ပြင်ဆင်ထားပါတယ်။ . . . အဲဒီတော့ ဒီဖွဲ့စည်းမည့်နိုင်ငံတော်မှာ ဘယ်နယ်တွေ၊ ဘယ်နယ်တွေပါမယ်ဆိုတာ ကျွန်တော်တို့ ကျကျနန သတ်မှတ်ပြီးသားမဖြစ်နိုင်သေး ပါဘူး။ . . . ကျွန်တော်တို့မူလ ဖဆပလ ညီလာခံမှာတင်တဲ့အဆိုမှာတော့ နယ်တွေဖော်ပြထည့်ထားပါတယ်။ အဲဒါ ကျွန်တော်တို့အမှတ်တမဲ့ ထည့်ထား မိဒါပါဘဲ။ နောက်ပြန်စဉ်းစားကြည့်တော့မှ ပြည်ထောင်စုနိုင်ငံထဲ ဒီနယ်တွေဝင်ပြီးသားဖြစ်သွားမည်လာဆိုပြီး စဉ်းစားမိဒါနှင့် ဖြုတ်ပစ်ခဲ့ပြီး အခုလို သာမညဆိုထားခြင်းဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။
မြန်မာနိုင်ငံတော်တိုင်းပြည်ပြု လွှတ်တော်ညီလာခံမှတ်တမ်း၊ စာတွဲ ၁၊
စည်းဝေးမှတ်တမ်း ၄ ၊ ရန်ကုန်၊ မြန်မာနိုင်ငံတော်အစိုးရ စာပုံနှိပ်တိုက်၊ ၁၉၄၇၊ စာ ၇၃–၈၃။
နောင်ကိုကားလျှင် တိုင်းပြည်ပြုလွှတ်တော် ၁/၄ ဟုညွှန်းမည်။

၅။ ဗိုလ်ချုပ်အောင်ဆန်းပြောကြားသည့်အတိုင်း ဥပဒေစကားလုံးထက်၊ စိတ်ဓါတ်ကိုယုံကြည်ကိုးစားခဲ့သည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် သွေးချင်းသားချင်းတွေ ဥပဒေစကားလုံးတွေကိုသာ အတိအကျ အဓိပ္ပါယ်ကောက်ခြင်း၊ အကြပ်ကိုင်ခြင်းများ ပြုလုပ်လိမ့်မည်မဟုတ်ဟု ယူဆခဲ့ကြသည်။

၆။ ရှမ်းပြည်နယ်ကိုယ်စားလှယ်များသည် ခေါင်းဆောင်ကြီးများ ကျဆုံးကုန်၍ ကြေကွဲဝမ်းနည်းဖြစ်နေသည်လည်းတကြောင်း ခေါင်းဆောင်ကြီးများချထားပေးသွားသည့် လမ်းစဉ်အတိုင်း လွတ်လပ်ရေးဆောလျင်စွာရယူလို၍တကြောင်း၊ လွတ်လပ်ရေးရရှိပြီးသည့်နောက် သွေးချင်းသားချင်း အချင်းချင်း မူးတင်းပဲတင်း ဈေးဆစ်အကြပ်ကိုင်မှုများ လုပ်ကိုင်ကြလိမ့်မည်ဟု မထင်မြင်ခဲ့ကြ၍ တကြောင်း
(၁) ဗမာပြည်နယ်မဖွဲ့စည်းဘဲ ပြည်ထောင်စုတပေါင်းတစည်းတည်းဖွဲ့စည်းထားခြင်းဖြင့်၊ ရှမ်းပြည်နယ်အဘို့ အဘယ်မျှနစ်နာမည်ကိုမတွေးတောခဲ့ကြပေ။ (၂) ကနေဒါ ပုံစံအတိုင်းအာဏာခွဲဝေပေးခြင်းဖြင့် ရှမ်းပြည်နယ်သည် ဂုဏ်သိက္ခာကင်းမဲ့ကာ မျောက်လောင်းဘဝ ပြန်လည်ရောက်ရှိမည်ကိုလည်း နားလည်ခဲ့ကြပေ။

၇။ အထက်ပါအချက်များကြောင့် ရှမ်းပြည်ကိုယ်စားလှယ်များ၏ ကိုယ်စားတောင်ပိုင်စော်ဘွားကြီးက အခြေခံဥပဒေကို လှိုက်လှဲစွာထောက်ခံလိုက်ပေသည်။[၁]

ရှမ်းပြည်နယ်မှ တင်သွင်းသော အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းအပိုင်းသုံးတွင် အခြေခံဥပဒေပါစကားလုံးများနှင့် ပြဋ္ဌာန်းချက်အချို့ကို အသေးစိတ်ဝေဖန်ဆွေးနွေး၍ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရန် အကြံပေးထားသည်။ ထိုသို့ဆွေးနွေးရာတွင် အခြေခံဥပဒေနိဒါန်းပါ နယ်စပ်ဒေသများဆိုသည့် စကားလုံးမှစ၍ ဆွေးနွေးထားသည်။ အခြေခံဥပဒေနိဒါန်းတွင် “နယ်စပ်ဒေသများနှင့် ကရင်နီနယ်များအဝင်အပါ မြန်မာနိုင်ငံ၏ နိုင်ငံသားများဖြစ်ကြသော ကျွန်ုပ်တို့သည်”ဟု ပါရှိသဖြင့် “နယ်စပ်ဒေသများ” ဆိုသည့် အသုံးအနှုန်းမှာ အောက်ကျနောက်ကျသဘောဆောင်နေ၍ ထိုစကားရပ်အစား ရှမ်းပြည်၊ ကချင်ပြည်၊ ကရင်ပြည်၊ ကယားပြည်နှင့် ချင်းပြည်ဟု အစားထိုးသင့်ကြောင်းအကြံပြုထားသည်။ ထိုနောက် ဖဆပလ ပဏာမညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက တစ်ပြည်ထောင်စနစ် **(unitary state)** ဖွဲ့စည်းရန်မသင့်တော်ကြောင်း အတိအလင်းပြောကြားခဲ့သဖြင့်လွတ်လပ်သော ပြည်များဖြင့် စုပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုဆိုသည့်သဘောကို အခြေခံဥပဒေနိဒါန်းတွင် ပီပီပြင်ပြင်ထည့်သွင်းဖော်ပြထားသင့်ကြောင်းလည်းတင်ပြထားသည်။[၂]

အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် အခြေခံဥပဒေပုဒ်မ ၈ ကို ပယ်ဖျက်ရန်လည်းအကြံပြုထားသည်။ အခြေခံဥပဒေပုဒ်မ ၈ က

> ပုဒ်မ ၁၈၀ ရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးနှင့်သက်ဆိုင်သော ဥပဒေပြုမှုအာဏာ အုပ်ချုပ်မှုအာဏာ တရားစီရင်မှုအာဏာ အားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ လုပ်ငန်းအဖွဲ့များနှင့် အရာရှိများကသာလျှင်သော်၎င်း၊ ထိုအဖွဲ့များနှင့် အရာရှိများ၏ အခွင့်အာဏာအရသာလျှင်သော်၎င်း၊ သုံးစွဲနိုင်ရမည်[၃]

ဟုဆိုထားသည်။ ထိုပုဒ်မ၏အချုပ်သဘောမှာ ပြည်ထောင်စု၏ အာဏာများကိုမြန်မာပြည်မကသာ ကြိုးကိုင်ထားပြီး မြန်မာပြည်မအတွက်သာ သုံးခွင့်ရှိကြောင်းသက်ရောက်နေသဖြင့် ပြည်ထောင်စစ်စစ်မှုကို လက်ခံမည်ဆိုလျှင် ဤပုဒ်မကိုပယ်ဖျက်ရမည်။ ဤပုဒ်မ မရှိလျှင်မြန်မာပြည်သည် ပြည်နယ်တစ်နယ်ဖြစ်သွားမည်။ ထိုသို့ဖြစ်လာလျှင် အခြေခံ

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၄ – ၁၅။
၂ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၅ – ၁၆။
၃ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၈။

ဥပဒေက ပြည်နယ်များ၏ အခွင့်အရေးများကို မည်မျှချုပ်ချယ်ထားသည် ဆိုသည်ကိုလည်း မြန်မာပြည်မက လက်တွေ့ခံစားရပေမည်ဟုလည်း ဆွေးနွေးတင်ပြထားသည်။[၁]

အခြေခံဥပဒေပုဒ်မ ၉ ပါ "နိုင်ငံတော်" ဟူသောစကားနှင့်ပတ်သက်၍ အဓိပ္ပါယ်နှင့်ကျင့်သုံးမှုတွင် မရှင်းလင်းပုံကိုလည်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် ဝေဖန်ဆွေးနွေးထား၏။ အခြေခံဥပဒေ ပုဒ်မ ၉ မှာ အောက်ပါအတိုင်းဖြစ်သည်။

> ဤအခန်း[၂] နှင့်အခန်း ၃[၃]၊ အခန်း ၄[၄] တို့တွင် "နိုင်ငံတော်"ဟူသော စကား၏ဆိုလိုရင်းမှာ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကိုထောက်၍ ပြည်ထောင်စုနိုင်ငံ၏ သို့တည်းမဟုတ် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်၏ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်ငြင်း ဥပဒေပြုမှုအခွင့်အာဏာကိုသော်ငြင်း ဆိုလိုသည်။[၅]

ဤတွင် "နိုင်ငံတော်"ဟူသောစကားရပ်သည် အဓိပ္ပါယ်မရှင်းလင်းသည့်အတွက် အချို့နေရာများတွင် ပြည်နယ်နှင့်ဆိုင်သည်လား၊ ပြည်မနှင့်ဆိုင်သည်လား၊ ပြည်ထောင်စုနှင့်ဆိုင်သည်လားဟု မကွဲပြားကြောင်း၊ ထို့ပြင် အခြေခံဥပဒေတွင်ပါရှိသည့် အရေးကြီးသောပုဒ်မများကို အသုံးပြုရာ၌ ပြည်နယ်များနှင့်မသက်ဆိုင်သည့်သဘော သက်ရောက်နေသဖြင့် ရှမ်းပြည်နယ်မှရသင့်သည့် အခွင့်အရေးများ အကြီးအကျယ် ဆုံးရှုံးနစ်နာလျက်ရှိကြောင်း၊ နိုင်ငံတော်ဆိုသည့် စကားရပ်နှင့်ပတ်သက်၍အင်္ဂလိပ်ဘာသာအားဖြင့် ရှင်းသင့်သလောက် ရှင်းသော်လည်း မြန်မာဘာသာအားဖြင့် နိုင်ငံတော်သည် ပြည်နယ်ကိုဆိုလိုသည်ဟု သဘောမပေါက်ကြောင်း၊ နိုင်ငံတော်ဆိုသည့်စကားရပ်ကို ပြည်ထောင်စုအစိုးရက လိုတစ်မျိုး၊ မလိုတစ်မျိုး အဓိပ္ပါယ်ကောက်ယူနေသဖြင့် မူလအခွင့်အရေးကိစ္စများကို ဆောင်ရွက်ရန် ပြည်နယ်များတွင် အာဏာရှိသည့်သဘော သက်ရောက်နေကြောင်း၊ ထို့ကြောင့်ပုဒ်မ ၄၂[၆]၊ ၄၃[၇] နှင့် ၄၄[၈] တို့ကို ပြည်နယ်များက ဆောင်ရွက်၍မရကြောင်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် တင်ပြထားသည်။[၉]

အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် အခြေခံဥပဒေပုဒ်မ ၂၃ (၄) နှင့် (၅) တို့နှင့်ပတ်သက်၍ လက်တွေ့ကျင့်သုံးပုံကိုလည်း ဝေဖန်ဆွေးနွေးထား၏။ အဆိုပါပုဒ်မ အပိုဒ်ခွဲ ၄ နှင့် ၅ တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

> (၄) နိုင်ငံတော်သည် ပြည်သူ့အကျိုးအတွက်လိုအပ်ပါက ပိုင်ရှင်အားမည်ကဲ့သို့သော ကိစ္စမျိုးတွင်မည်မျှလျော်ကြေးပေးရမည်ဟုပြဋ္ဌာန်းထားသော တရားဥပဒေနှင့်အညီသာလျှင်၊ ကိုယ်ပိုင်ပစ္စည်းကို ကန့်သတ်ချုတ်ချယ် နိုင်သည်။ သို့တည်းမဟုတ် သိမ်းပိုက်နိုင်သည်။

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၆ – ၁၇။

၂ အခန်း ၂ ။ မူလအခွင့်အရေးများ

၃ အခန်း ၃ ။ တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် နိုင်ငံတော်၏တာဝန်ဝတ်တရားများ

၄ အခန်း ၄ ။ နိုင်ငံတော်၏ ဝါဒရည်ညွှန်းချက်မူများ

၅ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၉။

၆ ပုဒ်မ ၄၂။ ကိုယ်ကျိုးအမြတ်အစွန်းအတွက်မဟုတ်ဘဲ၊ လုပ်ကိုင်ဆောင်ရွက်နေသောစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအား ပစ္စည်းငွေကြေး အထောက်အပံ့ပေးရန် နိုင်ငံတော်တွင် ဝါဒထားရှိ၍ ထိုဝါဒအတိုင်း ရှေ့ရှုဆောင်ရွက်မည့် သမဝါယမ အစည်းအရုံးများနှင့် အလားတူ စီးပွားရေး အစည်းအရုံးများအား ပိုမိုအခွင့်အရေးပေးရမည်။

၇ ပုဒ်မ ၄၃။ ဝိဇ္ဇာပညာနှင့်သိပ္ပံပညာများ၊ သုတေသနနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ထို့ပြင်ပါဠိနှင့် သက္ကဋ္ဌသင်ကြားရေးတို့ကို နိုင်ငံတော်က စောင့်ရှောက်ထောက်ပံ့ရမည်။

၈ ပုဒ်မ ၄၄။ (၁) ။ ပြည်သူသုံးလုပ်ငန်းများကို နိုင်ငံတော်အစိုးရကိုယ်တိုင်ကသော်ငြင်း၊ ဒေသန္တရအဖွဲ့များကသော်ငြင်း၊ ပြည်သူတို့၏သမဝါယမ အစည်းအရုံးများကသော်ငြင်း၊ တည်ထောင်လုပ်ကိုင်စေရန်၊ နိုင်ငံတော်အစိုးရ၌ ဝါဒထားရှိ၍ ထိုဝါဒအတိုင်း ရှေ့ရှုဆောင်ရွက်ရမည်။
(၂) ။ ပြည်ထောင်စုနိုင်ငံတော်အတွင်းတွင်၊ ဓနပစ္စည်းထွက်မည့် သဘာဝပင်ရင်းအခြေအမြစ်များကို နိုင်ငံတော်အစိုးရကိုယ်တိုင်က သော်ငြင်း၊ ဒေသန္တရအဖွဲ့များကသော်ငြင်း၊ ပြည်သူတို့၏ သမဝါယမ အစည်းအရုံးများကသော်ငြင်း၊ လုပ်ကိုင်သုံးစွဲစေရန် နိုင်ငံတော်အစိုးရ၌ ဝါဒ ထားရှိ၍၊ ထိုဝါဒအတိုင်း ရှေ့ရှုဆောင်ရွက်ရမည်။

၉ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၇ ။

(၅) အထက်ကဖော်ပြခဲ့သော နောက်ဆုံးပုဒ်မခွဲရှိ စည်းကမ်းချက်များနှင့် မဆန့်ကျင်လျှင်၊ ပြည်သူ့အကျိုး အတွက်လိုအပ်ပါက၊ နိုင်ငံ၏စီးပွားရေးနှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးကိုသော်၎င်း၊ တဦးတည်း ပိုင်လုပ်ငန်းများကိုသော်၎င်း နိုင်ငံတော်သည် တရားဥပဒေပြဋ္ဌာန်း၍ နိုင်ငံပိုင်ပြုနိုင်သည်။ သို့တည်း မဟုတ် နိုင်ငံတော်အတွက်သိမ်းယူနိုင်သည်။[၁]

အထက်ဖော်ပြပါ စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် သက်ဆိုင်သည့်အာဏာကို ပြည်ထောင်စုအစိုးရက သာ ချုပ်ကိုင်ထားသဖြင့် ပြည်နယ်များ၌ အထက်ပါအာဏာများမရှိဟု ယူဆနိုင်ကြောင်း၊ ရှမ်းပြည်နယ်သည် အဆိုပါ အခွင့်အရေးများကို သုံးပိုင်ခွင့်အာဏာမရှိကြောင်း၊ ရှမ်းပြည်နယ် ဝန်ကြီးဌာနကသာ ပြည်ထောင်စုအစိုးရကိုယ်စား ဆောင်ရွက်နိုင်ကြောင်း ထိုကြောင့်ရှမ်းပြည်နယ်အစိုးရသည် ပစ္စည်းတစ်ခုခုကို ရယူလိုသောအခါ သာမန်အရပ်သား များနည်းတူ အရောင်းအဝယ်ပြုလုပ်သည့်နည်းဖြင့်သာ ဆောင်ရွက်ရကြောင်း၊ သို့သော် ပြည်ထောင်စုအစိုးရဌာနများ က ရှမ်းပြည်နယ်ရှိပစ္စည်းများကို ရယူရာ၌မူ ပြည်ထောင်စုအာဏာများကိုသုံးစွဲပြီး ပြည်နယ်များအား မတိုင်ပင်ဘဲ သိမ်းယူလေ့ရှိသဖြင့် ပြည်နယ်အစိုးရအား အရေးမထားရာရောက်ကြောင်း၊ ဥပမာဆိုလျှင် "လောပိတ" လျှပ်စစ် ဓါတ်ကြိုးများကို ရှမ်းပြည်နယ်မှဖြတ်၍ အထက်မြန်မာပြည်သို့ ဆက်သွယ်ရာ၌ ဓါတ်တိုင်များစိုက်ရန် မြေများကို သိမ်း ယူခဲ့ရာတွင် လျော်ကြေးမပေးသည့်အပြင် ရှမ်းပြည်နယ်အစိုးရအားလည်း ကြိုတင်အသိပေးခြင်းမရှိကြောင်း တင်ပြ ထားသည်။[၂]

အခြေခံဥပဒေပုဒ်မ ၃၀ တွင် ချွတ်ယွင်းချက်ရှိနေပုံကိုလည်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် ဖော်ပြ ထား၏။ အခြေခံ ဥပဒေပုဒ်မ ၃၀ တွင်

(၁) နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

(၂) ဤအခြေခံဥပဒေ၏ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မြေယာပိုင်ခွင့်စနစ်များကို စည်းမျဉ်းတကျ ဖြစ်စေရန်သော်၎င်း၊ လွှဲပြောင်းရန်သော်၎င်း၊ ဖျက်သိမ်းရန်သော်၎င်း၊ နိုင်ငံတော်၌ အခွင့်အရေးရှိရမည်။ သို့တည်းမဟုတ် မည်သည့်မြေယာကိုမဆို ပြန်လည်သိမ်းယူပြီးလျှင်၊ ထိုမြေယာကို စုပေါင်းစိုက်ပျိုးရေး အတွက်ဖြစ်စေ၊ သမဝါယမစိုက်ပျိုးရေးအတွက်ဖြစ်စေ၊ လယ်သီးစားသမားများသို့ဖြစ်စေ၊ ဝေငှပေးရန် အခွင့်အရေးရှိရမည်။

(၃) မည်သည့်အခြေခံစနစ်နှင့်မျှ မြေယာအမြောက်အမြား ပိုင်ဆိုင်နိုင်သော အခွင့်မရှိစေရ၊ တဦးတည်းပိုင် ဖြစ်သောမြေယာ၏အများဆုံးမြေကေ အရေအတွက်ကို အကြောင်းညီညွတ်လျှင် ညီညွတ်ခြင်း တရား ဥပဒေဖြင့်သတ်မှတ်ရမည်[၃]

ဟုပါရှိသည်။ ဤပုဒ်မပါ "နိုင်ငံတော်" ဆိုသည့်စကားရပ်သည် ပြည်ထောင်စုအစိုးရကိုသာဆိုလိုသည့်သဘော သက်ရောက်နေကြောင်း၊ မြေယာအားလုံး၏ပိုင်ရှင်ဖြစ်သော "နိုင်ငံတော်" သည် ပြည်မလော၊ ပြည်နယ်လောဆို သည်မှာ မရှင်းလင်းကြောင်း၊ ပြည်မမြေယာအားလုံးကို ပြည်မကပိုင်၍ ပြည်နယ်မြေယာအားလုံးကို ပြည်နယ်အစိုးရ ကပိုင်သည်လားဆိုသည်မှာလည်း မရှင်းလင်းကြောင်း၊ နိုင်ငံတော်ဟူသောစကားရပ်သည် ပြည်မကိုသာရည်ညွှန်း သည်ဆိုလျှင် ပြည်နယ်များအတွင်းရှိ မြေယာများကိုပင် ပြည်မကပိုင်ဆိုင်သည့်သဘော သက်ရောက်နေကြောင်း၊ ရှမ်း ပြည်နယ်တွင် မြေယာချထားရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးများကို ရှမ်းပြည်နယ်ကလုပ်ပိုင်ခွင့်မရှိကြောင်း၊ လွှတ် လပ်ရေးမရမီက ရှမ်းပြည်နယ်ကပိုင်ဆိုင်သောမြေယာများနှင့် ပတ်သက်၍လည်းကောင်း၊ ရှမ်းပြည်နယ်လူထုအတွက် မြေယာလွှဲပြောင်းခြင်း၊ မြေယာစွန့်လွှတ်ခြင်း၊ မြေယာဆက်ခံခြင်း၊ မြေယာလက်လွှတ်မှုမှကာကွယ်ခြင်း စသည့်စည်း

---

၁ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၃။
၂ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၇။
၃ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၀ ။

ကမ်းသတ်မှတ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ ရှမ်းပြည်နယ်အတွက် ဆုံးရှုံးလျက်ရှိနေကြောင်းလည်းတင်ပြထား၏။[၁]

အခြေခံဥပဒေပုဒ်မ ၃၁ တွင်

၁။ စီးပွားရေး၌သူတပါးကိုနစ်နာစေ၍ ကိုယ်ကျိုးရှာခြင်းမှကာဆီးရေးအတွက်၊ မိမိတို့အချင်းချင်း ပေါင်းသင်းဖွဲ့စည်းနိုင်ကြစေရန် အလုပ်သမားများအား နိုင်ငံတော်သည် စီးပွါးရေးဆိုင်ရာဆောင်ရွက်ချက်ဖြင့်၎င်း၊ အခြားဆောင် ရွက်ခြင်းဖြင့်၎င်း ကူညီနိုင်သည်။

၂။ အလုပ်သမားများအားစည်းရုံးပိုင်ခွင့်ပေးစေရန်၎င်း၊ အလုပ်လုပ်သောအချိန်နာရီတို့ကို ကန့်သတ်စေရန်၎င်း၊ နှစ်စဉ်အားလပ်ရက်များရခွင့်ရှိအောင် စီမံစေရန်၎င်း၊ အလုပ်ခွင်နှင့်အခြေအနေကို ကောင်းမွန်အောင်ပြုစေရန်၎င်း၊ ရည်ရွယ်၍၊ နိုင်ငံတော်သည် ဥပဒေပြုပေးခြင်းဖြင့်၊ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရမည်။ ထို့ပြင် အကြောင်းညီညွတ်လျှင် ညီညွတ်ခြင်း နေခင်းထိုင်ခင်းနှင့် ထောက်ပံ့မှုအာမခံစနစ်တို့အတွက် စီမံချက်များကိုအားပေးခြင်းဖြင့်လည်း ကာကွယ်စောင့်ရှောက်ရမည်[၂]

ဟုဆိုထား၏။ ထိုပုဒ်မနှင့် ပတ်သက်၍ရှမ်းပြည်နယ်တွင် နမ္မတူဘော်တွင်း အလုပ်သမားများသာ ဥပဒေပါ အခွင့်အရေးများကို ခံစားရပြီး အခြားသောသာမန်အလုပ်သမားများမှာ မြန်မာပြည်မရှိ အလုပ်သမားများကဲ့သို့ ခံစားခွင့်မရကြောင်း၊ ရှမ်းပြည်နယ်အစိုးရသည် အလုပ်သမားများ၏ အကျိုးအတွက်ဆောင်ရွက်ပေးနိုင်သည့် အခွင့်အာဏာမရှိကြောင်း တင်ပြထားသည်။ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် အခြေခံဥပဒေ ပုဒ်မ ၉၁ အရ ဒေသဆိုင်ရာကိုယ်စားလှယ်အဖွဲ့များ ဖွဲ့စည်းသည့်ကိစ္စကိုလည်း ဝေဖန်ဆွေးနွေးထားသည်။
အဆိုပါ ပုဒ်မ ၉၁ က

သို့ရာတွင် ဒေသအလိုက်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိသည်ဟူသော ရည်ရွယ်ချက်သဘောတရားကို အခြေခံ၍ တရားဥပဒေဖြင့် သတ်မှတ်ထားသော ဒေသဆိုင်ရာကိုယ်စားလှယ်အဖွဲ့များသို့၊ အုပ်ချုပ်ရေးကိစ္စ၊ ယဉ်ကျေးမှုကိစ္စ၊ စီးပွားရေးကိစ္စများအတွက် အထင်အရှားဖော်ပြထားသော အာဏာများကိုလွှဲပေးရန်၊ တရားဥပဒေဖြင့်ပြဋ္ဌာန်းချက်ပြုနိုင်သည်။ ထိုပြဋ္ဌာန်းချက်များပါဝင်သော တရားဥပဒေသည်၊ ထိုကိုယ်စားလှယ်အဖွဲ့များ၏ အခွင့်အရေးများအာဏာများနှင့် တာဝန်ဝတ္တရားများကို၎င်း၊ ထိုအဖွဲ့များနှင့်ပါလီမန်တို့၏ ဆက်ဆံရေးကို၎င်း၊ ထိုအဖွဲ့များနှင့် ပြည်ထောင်စုအစိုးရတို့၏ ဆက်ဆံရေးကို၎င်းသတ်မှတ်ရမည်[၃]

ဟုဆိုထားသည်။ ဤပုဒ်မအရ ဒေသဆိုင်ရာကိုယ်စားလှယ်များဖွဲ့ခြင်းသည် ပြည်နယ်ကောင်စီတို့၏ ဂုဏ်သိက္ခာကို ထခိုက်ကြောင်း၊ ရှမ်းပြည်နယ်မှ ဒေသဆိုင်ရာကိုယ်စားလှယ်အဖွဲ့များသို့ အုပ်ချုပ်ရေးကိစ္စ၊ ယဉ်ကျေးမှုကိစ္စနှင့် စီးပွားရေးကိစ္စများအတွက် အာဏာများလွှဲပေးရန်ကိစ္စကို ပါလီမန်ကသာ ဥပဒေပြုလုပ်ခွင့်ရှိသဖြင့် ရှမ်းပြည်နယ်အနေဖြင့် ကျေနပ်ဖွယ်မဟုတ်ကြောင်း၊ အုပ်ချုပ်ရေးကိစ္စကို ဒေသဆိုင်ရာကိုယ်စားလှယ်အဖွဲ့များသို့ ပြည်ထောင်စုပါလီမန်က လွှဲအပ်ပေးမည်ဆိုလျှင်လည်း ရှမ်းပြည်နယ်တွင် စင်ပြိုင်အစိုးရ တည်ထောင်ပေးရာရောက်မည်ဖြစ်ကြောင်းများ ဆွေးနွေးတင်ပြထား၏။[၄]

အခြေခံဥပဒေပုဒ်မ ၉၂ (၃) တွင်

---

၁ (က) အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၇ – ၁၈။
(ခ) မြေယာ၊ မြေခွန်တော်နှင့် မြေယာတိုးတက်ကြီးပွားရေး၊ အမတော်ကြေးကိစ္စများသည် ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါသော်လည်း ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေသည် မြန်မာတစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည်ဟုဆိုထား၏။ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ အခန်း ၁ ၊ အပိုဒ် ၂။
၂ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၁။
၃ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၁။
၄ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၈။

မည်သည့်ပြည်နယ်ကောင်စီမဆို၊ မိမိ၏နယ်မြေများကိုသော်၎င်း၊ အာဏာများကိုသော်၎င်း၊ အခွင့်အရေးများကိုသော်၎င်း ပြည်ထောင်စုနိုင်ငံသို့ ဆုံးဖြတ်ချက်ချ၍ ပြန်အပ်နိုင်သည်

ဟုဖော်ပြထားသဖြင့် ပြည်နယ်ကောင်စီများက မိမိတို့၏နယ်မြေများကိုလည်းကောင်း အာဏာများကိုလည်းကောင်း ဆုံးဖြတ်ချက်ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်အပ်နိုင်သော်လည်း ပါလီမန်ကမူ ပြည်မ၏နယ်မြေတစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ အခွင့်အာဏာတစ်စိတ်တစ်ဒေသကိုလည်းကောင်း ပြည်နယ်များသို့ ခွဲဝေပေးခွင့်မရှိကြောင်း၊ ဖြစ်သင့်သည်မှာ ထိုကစ္စများကိုဆောင်ရွက်ရာတွင် အဖွဲ့ဝင်ပြည်နယ်များ၏ သဘောတူညီမှုဖြင့်သာ ဆောင်ရွက်သင့်ကြောင်းတင်ပြထားသည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ အာဏာခွဲဝေထားပုံမှာ မူလကပင်တစ်ဖက်စောင်းနင်းဖြစ်နေပေရာ ပြည်နယ်များကရင်းတို့၏ လက်ရှိအာဏာများကို ပြည်ထောင်စုအစိုးရအား ပြန်အပ်မည်ဆိုပါက စာကလေးအမွေးနုတ်သကဲ့သို့ဖြစ်ကာ ပြည်နယ်များသည် အာဏာလက်မဲ့ဘဝသို့ ကျရောက်ရပေမည်ဟု သုံးသပ်တင်ပြထား၏။[၁]

အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် အခြေခံဥပဒေပုဒ်မ ၉၃ နှင့် ပတ်သက်၍ ရှမ်းပြည်နယ်၏ မကျေနပ်ချက်ကိုလည်း ဖော်ပြထားသည်။ အခြေခံဥပဒေပုဒ်မ ၉၃ က

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် သစ်တောကိစ္စ၊ သတ္တုတွင်းကိစ္စ၊ ရေနံမြေကိစ္စ၊ သတ္တုတူးဖော်ပြုပြင်ရေးကိစ္စ စည်းမျဉ်းသတ်မှတ်ပိုင်ခွင့်ပါရှိသည်ဖြစ်သောကြောင့် ပြည်ထောင်စုနိုင်ငံကသုံးစွဲပိုင်ခွင့်ရှိသော အာဏာများကိုသုံးစွဲရာ၌ ထိုသစ်တောများ၊ သတ္တုတွင်းများ ရေနံမြေများကို လုပ်ကိုင်သုံးစွဲစေရန်သော်၎င်း၊ တိုးတက်အောင်ပြုစေရန်သော်၎င်း၊ အသုံးချစေရန်သော်၎င်း လက်မှတ်ကို၊ သို့တည်းမဟုတ် လိုင်စင်ကို၊ သို့တည်းမဟုတ် အခွင့်အာဏာလွှဲအပ်သော အခြားနည်းကို ထုတ်မပေးမီ၊ ထိုသို့ထုတ်ပေးသော အာဏာပိုင်သည်၊ သက်ဆိုင်ရာနယ်အတွက် ခန့်ထားခြင်းခံရသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ရမည်[၂]

ဟုဆိုထားသည့်အချက်နှင့်ပတ်သက်၍ ပြည်နယ်များ၏အဖိုးတန်ဖြစ်သောသစ်တောပစ္စည်း၊ သတ္တုပစ္စည်းနှင့် ရေနံများထုတ်ယူသုံးစွဲခွင့်ကို ပြည်မကသာချုပ်ကိုင်ထားခြင်း၊ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးနှင့်ညှိနှိုင်းတိုင်ပင်ရမည်ဟုဆိုထားသော်လည်း ပြည်မအာဏာပိုင်များ၏ ဆုံးဖြတ်ချက်သည်သာ နောက်ဆုံးအတည်ဖြစ်ရန်ရှိခြင်းတို့ကို မကျေနပ်ကြောင်းဖော်ပြထား၏။ ထိုသို့သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်သည် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အာဏာအတွင်းသာ ဖြစ်သင့်ကြောင်းလည်း တင်ပြထား၏။[၃]

အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် အခြေခံဥပဒေပုဒ်မ ၉၄ (၁) ကိုလည်း ဝေဖန်ဆွေးနွေးထားသည်။ အခြေခံဥပဒေပုဒ်မ ၉၄ (၁) တွင်

စစ်ကြောင့်ဖြစ်စေ၊ နိုင်ငံတွင်းဆူပူမှုကြောင့်ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံ၏ တည်တံ့မှုကို အန္တရာယ်ဖြစ်စေအံ့သော အထူးအရေးတကြီးအခြေအနေဖြစ်ပေါ်နေပြီဟူ၍သော်၎င်း၊ ပြည်ထောင်စုနိုင်ငံကို ထိခိုက်နေသော စီးပွားရေး အရေးတကြီးအခြေသည်၊ ပြည်ထောင်စုနိုင်ငံ၏ တစိတ်တဒေသ၌ ပေါ်ပေါက်နေပြီးဟူ၍သော်၎င်း၊ နိုင်ငံတော်သမတက (ဤအခြေခံဥပဒေတွင် အရေးတကြီးကျေညာချက်ဟု ညွှန်းထားသော) ကျေညာချက်တရပ်ကို ထုတ်ပြန်ခဲ့သော်၊ ပုဒ်မ ၉၂ တွင် မည်သို့ပင်ဆိုထားစေကာမူ၊ ပြည်နယ်ဥပဒေပြုစာရင်းတွင်

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၈ – ၁၉။

၂ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၉၃။

၃ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၁၉။

သီးခြားရေတွက်ထားသော ကိစ္စတခုခုနှင့် စပ်လျဉ်း၍၊ ပြည်နယ်တနယ်အတွက်သော်၎င်း၊ ပြည်နယ်၏ တစိတ်တဒေသအတွက်သော်၎င်း၊ ဥပဒေများကိုပြုရန်ပါလီမန်တွင် အာဏာရှိမည်[၁]

ဟုဖော်ပြထားသည်။ ရှမ်းပြည်တောင်ပိုင်းစစ်အုပ်ချုပ်ရေး အတွေ့အကြုံအရလည်းကောင်း၊ နိုင်ငံတော်သမ္မတဆိုသည့် စကားရပ်မှာ ပြည်ထောင်စုကာကွယ်ရေး၊ ပြည်ထဲရေးစသည့် ဝန်ကြီးဌာနများကိုဆိုလိုသဖြင့် လိုအပ်၍အရေးတကြီး ကြေညာထုတ်ပြန်ရာ၌ ရှမ်းပြည်နယ်ကောင်စီသို့မဟုတ် ရှမ်းပြည်နယ်အစိုးရ၏ သဘောတူညီချက် ရယူရမည်ဟု ဖော်ပြထားခြင်းမရှိပုံကိုလည်းကောင်း ထောက်ပြထားသည်။[၂]

အခြေခံဥပဒေပုဒ်မ ၉၆ ကိုလည်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် ဝေဖန်ဆွေးနွေးထားသည်။ အခြေခံ ဥပဒေပုဒ်မ ၉၆ မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဤအခြေခံဥပဒေရှိ စတုတ္ထဇယား၌ ရေတွက်ဖော်ပြထားသောအခွန်တွက်ပင်ရင်းများမှရမည့်အခွန်တော် အားလုံးသည်ပြည်နယ်၌သော်၎င်း၊ ပြည်နယ်ကသော်၎င်း၊ ကောက်ခံရရှိသောပြည်နယ်၏ အခွန်တော် ငွေတွင် ပါဝင်ရမည်။

၂။ တဆက်တည်းဖြစ်သော အထက်ပုဒ်မခွဲအရ၊ ပြည်နယ်များသို့ခွဲဝေလွှဲအပ်ထားသော အခွန်တော်များမှ လွဲ၍၊ အခွန်တော်အားလုံးသည်၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်တွင်ပါဝင်ရမည်။

ခြွင်းချက်။ ။ ဤကိစ္စအတွက်ခန့်ထားသော အဖွဲ့တခုခု၏၊ သို့တည်းမဟုတ် အခြားအာဏာပိုင်တခု ခု၏ ထောက်ခံချက်များအရ ထောက်ပံ့ရန်လိုအပ်သည်ဟု ဆုံးဖြတ်သတ်မှတ်သော အထောက်အပံ့ငွေ များကို ပြည်ထောင်စုနိုင်ငံတော်အစိုးရသည် မိမိ၏အခွန်တော်များမှထုတ်၍၊ ပြည်ထောင်စုအဖွဲ့ဝင်များ ၏ အစိုးရများအားပေးနိုင်သည်။[၃]

အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် အခြေခံဥပဒေပုဒ်မ ၁၅၄ (၁) ပါ ''ကောင်စီ''ဆိုသည့်စကားကို ''ပြည်နယ်ဥပဒေပြုလွှတ်တော်''ဆိုသည့် စကားဖြင့်အစားထိုးသင့်ကြောင်းလည်း တင်ပြထားသည်။ အခြေခံဥပဒေပုဒ် မ ၁၅၄ (၁) တွင်

ပါလီမန်၏ ရှမ်းပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်အားလုံးပါဝင်သည့် ရှမ်းပြည်နယ်ကောင်စီကို ဖွဲ့စည်း ရမည်[၄]

ဟုဖော်ပြထားသည်။ ကောင်စီဟူသောစကားမှာ အင်္ဂလိပ်စကားဖြစ်နေ၍ မသင့်တော်ကြောင်းနှင့် ပြည်နယ်ကောင်စီ အစား ပြည်နယ်ဥပဒေပြုလွှတ်တော်ဟုခေါ်လျှင် သင့်တော်မည်ဖြစ်ကြောင်းလည်း တင်ပြထားသည်။[၅]

အခြေခံဥပဒေပုဒ်မ ၁၆၀ နှင့်ပတ်သက်၍ လက်တွေ့ကျင့်သုံးရာတွင် အခက်အခဲရှိပုံကိုလည်း အခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်းတွင် တင်ပြထားသည်။ အခြေခံဥပဒေပုဒ်မ ၁၆၀ တွင်

---

၁ ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေ၊ ပုဒ်မ ၉၄။
၂ အခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်း၊ စာ ၁၉။
၃ ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေ၊ ပုဒ်မ ၉၆။
၄ ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေ၊ ပုဒ်မ ၁၅၄။
၅ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၁။

> ဝန်ကြီးချုပ်သည်၊ ရှမ်းပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်၍၊ ပါလီမန်၏ ရှမ်းပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်များအနက်၊ အမတ်တဦးဦး၏ အမည်ကို တင်သွင်းသောအခါ၊ ထိုသို့အမည်တင်သွင်းခြင်းခံရသော အမတ်ကို နိုင်ငံတော်သမတသည် အောက်တွင် "ရှမ်းပြည်နယ်ဝန်ကြီး" ဟုခေါ်တွင်ရမည်ဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်ဖြင့် ခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော ဝန်ကြီးသည်၊ ဤအခြေခံဥပဒေ၏ ကိစ္စများအတွက် ရှမ်းပြည်နယ် ဥက္ကဋ္ဌလည်းဖြစ်ရမည်[၁]

ဟုဆိုထား၏။ ဤပုဒ်မအရ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်၍ ရှမ်းပြည်နယ်ဝန်ကြီး (ပြည်နယ်ဥက္ကဋ္ဌ) ကိုခန့်ထားရမည်ဟု ဆိုသော်လည်း ပြည်နယ်ကောင်စီက မထောက်ခံသော အမတ်တစ်ဦးကို နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးခန့်နိုင်သည်ဟု တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ချက်လည်းရှိနေကြောင်း[၂]၊ ပြည်နယ်ကောင်စီကသဘောမတူသူကို နိုင်ငံတော်ဝန်ကြီးချုပ်ကခန့်အပ်သဖြင့် ပြည်နယ်ဥက္ကဋ္ဌအဖြစ်လက်ခံရမည်ဆိုလျှင် အုပ်ချုပ်ရေး၌ အခက်အခဲများတွေ့နိုင်သကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ်အနေနှင့်လည်း မိမိသဘောမကျသူတစ်ယောက်ကို နိုင်ငံတော်အစိုးရအဖွဲ့ဝင်အဖြစ် ခန့်အပ်ရန် မည်သည့်နည်းနှင့်မျှလက်ခံနိုင်မည်မဟုတ်ကြောင်း၊ အဆိုပါ ပြဿနာကိုပြေလည်စေသည့်နည်းမှာ ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းရေးသာဖြစ်ကြောင်း ရှင်းလင်းတင်ပြထားသည်။[၃]

အခြေခံဥပဒေပြင်ရေးစာတမ်းတွင် ဝေဖန်ဆွေးနွေးထားသည့် အခြားပုဒ်မတစ်ခုမှာ ပုဒ်မ ၁၆၂ (၁) ၊ (၂) နှင့် (၃) ဖြစ်သည်။ ၎င်းပုဒ်မ ၁၆၂တွင်

> (၁) ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင့်စေဘဲ၊ ပြည်နယ်၏ အုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်ကောင်စီက တရားဥပဒေပြုပိုင်သော ကိစ္စများသို့ သက်ရောက်ပြန့်နှံ့သည်အုပ်ချုပ်မှုအခွင့်အာဏာကို သုံးစွဲရာတွင်၊ ပြည်နယ်ဥက္ကဋ္ဌသည် ကောင်စီ၏ဆုံးဖြတ်ချက်ကို လိုက်နာရမည်။
> (၂) ပြည်နယ်ဆိုင်ရာ အခြားကိစ္စအားလုံးတွင်၊ ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ရမည်။
> (၃) ရှမ်းပြည်နယ်ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ထင်မြင်ချက်များကိုပြည်နယ်ဥက္ကဋ္ဌထံသို့ တင်ပြရာတွင် လွယ်ကူစိမ့်သောငှါ၊ ပြည်နယ်ကောင်စီသည် ရွေးကောက်ပွဲပြီးသည်နောက်၊ ပဌမအကြိမ်ကျင်းပသော အစည်းအဝေးတွင်၊ ကောင်စီအမတ်များထဲမှသော်၎င်း၊ ကောင်စီအမတ်မဟုတ်သူများထဲမှသော်၎င်း၊ ရွေးချယ်၍၊ ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုအစိုးရအဖွဲ့သည် ပြည်နယ်ဥက္ကဋ္ဌကို အလုပ်ဝတ်တရားများ ဆောင်ရွက်ရာတွင် ကူညီရန်၊ အကြံပေးရန်ဖြစ်သည်[၄]

---

၁ ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေ၊ ပုဒ်မ ၁၆၀။

၂ (က) သန့်ရှင်းနှင့်တည်မြဲဟု ဖဆပလ ကွဲသွားသောအခါ တည်မြဲ ဖဆပလအမတ်များဖြစ်ကြသော ဒေါက်တာ စောလှထွန်းနှင့် ဦးဇန်ထာဆင်တို့ ဝန်ကြီးအဖြစ်မှ နုတ်ထွက်သွားကြသည်။ ထိုလစ်လပ်သွားသော ဝန်ကြီးနှစ်နေရာအတွက် ဦးနုက ဦးစောလူးလူကို ကရင်ပြည်နယ်ဝန်ကြီးနှင့် ဒူဝါဇော်ရစ်ကို ကချင်ပြည်နယ်ဝန်ကြီးအဖြစ် ပြည်နယ်ကောင်စီများနှင့် ကြိုတင်ညှိနှိုင်းခြင်းမရှိဘဲ ခန့်အပ်ခဲ့သည်။ ဦးနု၏ ထိုသို့ဆောင်ရွက်ချက်သည် တရားဝင် မဝင် နိုင်ငံတော်သမ္မတက တရားလွှတ်တော်ချုပ်သို့ မေးမြန်းခဲ့၏။ ထိုအခါ တရားရေးဌာနဝန်ကြီး ဒေါက်တာဦးမောင်၏ အောက်ပါရှင်းလင်းချက်ကို တရားလွှတ်တော်ချုပ်က လက်ခံခဲ့သည်။

အခြေခံဥပဒေပုဒ်မ ၁၁၅ တွင် အစိုးရအဖွဲ့သည် ပြည်သူ့လွှတ်တော်အား အဖွဲ့လိုက်စုပေါင်းတာဝန်ခံရမည် ဆိုသည့်စကားအရ ဝန်ကြီးချုပ်သည် မိမိ၏ ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများကို ရွေးချယ်ခန့်အပ်ခွင့် ရှိကြောင်းနှင့်ဝန်ကြီးချုပ်သည် ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍ ပြည်နယ်ဝန်ကြီးကို ခန့်အပ်ရမည် ဆိုသည်မှာလည်း လမ်းညွှန်ချက်သာဖြစ်၍ အမိန့်မဟုတ်ကြောင်း ဒေါက်တာဦးမောင်က ရှင်းလင်းတင်ပြခဲ့သည်။

*Dr. Maung Maung, Burma's Constitution comes to life. Madras, Diocesan Press, (n.d). Reprinted form the Indian Year Book of International Affairs, 1958.*

(ခ) ဦးဇန်ထာဆင်၊ ဒီမိုကရေစီပြောင်းပြန်၊ ရန်ကုန်၊ နံ့သာပုံနှိပ်လုပ်ငန်း၊ ၁၉၉၀၊ ဖေဖော်ဝါရီလ၊ စာ ၆၅ – ၆၇။ နောင်ကိုးကားလျှင် ဦးဇန်ထာဆင်၊ ဒီမိုကရေစီပြောင်းပြန် ဟုညွှန်းမည်။

၃ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၁။

၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၆၂။

ဟုပြဋ္ဌာန်းထားသည်။ ဤဥပဒေပိုဒ် (၁) အရ ပြည်နယ်ဥက္ကဋ္ဌသည် အုပ်ချုပ်မှုအခွင့်အာဏာကိုသုံးရာတွင် ကောင်စီ၏ဆုံးဖြတ်ချက်ကို လိုက်နာရမည်ဟု ဆိုထားသဖြင့် အုပ်ချုပ်မှုအခွင့်အာဏာသုံးစွဲတိုင်း ကောင်စီ၏ဆုံးဖြတ်ချက်ကို ရယူနိုင်ရန်ကောင်စီသည် နေ့စဉ်နေ့တိုင်း စည်းဝေးနေရမည့်သဘော ဖြစ်နေကြောင်း၊ အပိုဒ် (၃) အရ ပြည်နယ်ဥက္ကဋ္ဌက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ပြည်နယ်အစိုးရအဖွဲ့ဝင်များကို ကောင်စီကရွေးချယ်နိုင်သည်မှာလည်း နည်းလမ်းမကျသည့်ပြင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ အာဏာမည်မျှရှိသည်ကိုလည်း စဉ်းစား၍မရကြောင်းများ တင်ပြထားသည်။[၁]

အခြေခံဥပဒေပုဒ်မ ၁၆၄ (၂) ကိုလည်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် ဝေဖန်ထားသည်။ အခြေခံဥပဒေပုဒ်မ ၁၆၄ (၂) က

> ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေနှင့်စပ်လျဉ်း၍၊ ပြည်ထောင်စုအစိုးရက သတ်မှတ်သောစည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်ကောင်စီသည် ပြည်နယ်၏ဘတ်ဂျက်ကို လက်ခံအတည်ပြုနိုင်ရန် အာဏာရှိရမည်။ ထိုစည်းကမ်းချက်များအတိုင်း၊ ပြည်နယ်ကောင်စီက ကျနစွာလိုက်နာကြောင်း နိုင်ငံတော်သမ္မတအား၊ ကျေနပ်နိုင်စေရန် ပြည်နယ်၏ ဘတ်ဂျက်ကို ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျတက်တွင်ထည့်သွင်းဖော်ပြရမည်[၂]

ဟုဆိုထား၏။ ဤပုဒ်မနှင့်ပတ်သက်၍ ဆွေးနွေးထားသည်မှာ ပြည်နယ်များက ရသင့်ရထိုက်သောအချိုးကျငွေထက်ပို၍ ပြည်ထောင်စအစိုးရက ပေးရသောငွေသည်သာ "ထောက်ပံ့ငွေ"ဖြစ်၍ ထိုထောက်ပံ့ငွေနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်သင့်သော်လည်း ပြည်နယ်များက အချိုးကျရသင့်ရထိုက်သည့်ငွေနှင့် ပတ်သက်၍ စည်းကမ်းချက်များ မထားသင့်ကြောင်း ဆွေးနွေးတင်ပြထားသည်။[၃]

အခြေခံဥပဒေပုဒ်မ ၂၁၉ ကိုလည်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် ဆွေးနွေးထားသည်။ အခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင်

> သစ်တော်မြေနှင့် သတ္တုမြေများ၊ သစ်တောများ၊ ရေ၊ တံငါလုပ်ငန်း အမျိုးမျိုးဆိုင်ရာဒေသများ၊ သတ္တုများ၊ ကျောက်မီးသွေး ရေနံနှင့် အခြားတွင်းထွက်ဆီများ၊ ဓါတ်အားထွက်မည့်ပင်ရင်း အခြေအမြစ်များနှင့် အခြားသဘာဝပင်ရင်းအခြေအမြစ်များကို၊ ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍တိုးတက်အောင်ပြုရမည် သို့ရာတွင် ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါ၊ ပါလီမန်၏အက်ဥပဒေအရ ပြဋ္ဌာန်းထားသော သီးခြားခြွင်းချက်များနှင့် မဆန့်ကျင်လျှင်၊ ပြည်ထောင်စုနိုင်ငံသည် အထက်ပါတို့ကို လုပ်ကိုင်သုံးစွဲနိုင်သော၊ တိုးတက်အောင်ပြုနိုင်သော၊ အသုံးချနိုင်သောအခွင့်အရေးကို၊ ပြည်ထောင်စနိုင်ငံသားများအားပေးနိုင်သည်။ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံသားများထံမှ အနည်းဆုံး ရာခိုင်နှုန်း ၆၀ မျှပါဝင်သည့် ငွေရင်းရှိသော ကုမ္ပဏီများသို့ သော်၎င်း၊ ထိုကဲ့သို့သော အဖွဲ့အစည်းများသို့ သော်၎င်း၊ ပေးနိုင်သည်[၄]

ဟုပြဋ္ဌာန်းထားသည်။ ဤပုဒ်မအရ ပြည်နယ်များအတွင်းရှိ သစ်တောမြေ၊ သတ္တုမြေ၊ သစ်တောများ၊ သတ္တုများ၊ ကျောက်မီးသွေး၊ ရေ၊ တံငါလုပ်ငန်းအမျိုးမျိုး၊ ရေနံနှင့် အခြားတွင်းထွက်ဆီများ၊ ဓါတ်အားထွက်မည့်ပင်ရင်းအခြေအမြစ်များနှင့် အခြားသဘာဝပင်ရင်းအခြေအမြစ်များကို ပြည်ထောင်စုနိုင်ငံဟုခေါ်သော မြန်မာပြည်ကသာ လုပ်ကိုင်

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၁။

၂ ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေ၊ ပုဒ်မ ၁၆၄။

၃ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၁။

၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၁၉။

သုံးစွဲ တိုးတက်အောင် ပြုရသည်ဆိုသည်မှာ တရားမျှတမှုမရှိကြောင်းနှင့် မြန်မာပြည်တွင်းရှိ သစ်တောမြေ၊ သတ္တုမြေ၊ သစ်တော၊ သတ္တု၊ မီးသွေး၊ ရေနံအစရှိသော ပင်ရင်းအခြေအမြစ်များကိုပါ ပြည်ထောင်စုစစ်စစ်အစိုးရက လုပ်ကိုင်၍ အခွန်တော်နှင့် အမြတ်များကို မြန်မာပြည်၊ ရှမ်းပြည်၊ ကချင်ပြည်၊ ကယားပြည်နှင့် ကရင်ပြည်တို့ခွဲဝေခံစားကြမည်ဆိုလျှင် သင့်တော်မည်ဖြစ်ကြောင်း တင်ပြထားသည်။[၁]

အခြေခံဥပဒေနှင့်ပတ်သက်၍ ပြည်နယ်အားလုံးက မကျေနပ်သည့်ကိစ္စမှာ အခြေခံဥပဒေပုဒ်မ ၂၂၂ နှင့်သက်ဆိုင်သည်ဟုလည်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် တင်ပြထားသည်။ အခြေခံဥပဒေပုဒ်မ ၂၂၂ တွင်

ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန်မလိုလျှင်၊ ဤအခြေခံဥပဒေ၌ပါရှိသော အောက်ပါစကားရပ်တို့သည် ဖော်ပြထားသော အဓိပ္ပါယ်ကိုဆောင်သည်။

ဆိုလိုရင်းမှာ

“ပြည်ထောင်အဖွဲ့ဝင်”ဟူသည်မှာ

(က) ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဖွဲ့ဝင်တခုအဖြစ်ဖြင့် ဖွဲ့စည်းပါဝင်သော ပြည်နယ်ကိုသော်၎င်း၊

(ခ) ပြည်နယ်၏တစိတ်တဒေသအဖြစ် မဖွဲ့စည်းမပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးကိုသော်၎င်း၊ ဆိုလိုသည်[၂]

ဟုပါရှိသည်။ ဤပုဒ်မအရ မြန်မာပြည်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တစ်ခုဖြစ်သော်လည်း လက်တွေ့တွင်မူ ပြည်နယ်တစ်ခုအနေဖြင့် မယူဆဘဲ “ပြည်ထောင်စုအစိုးရနိုင်ငံ” ဟူသောအမည်ကိုခံယူ၍ ပြည်ထောင်စုစစ်စစ်အစိုးရ၏ အာဏာများကို မြန်မာပြည်မက သုံးစွဲနေပေသည်။ ထိုသို့မြန်မာပြည်မက အခြားပြည်နယ်များအပေါ် ပြည်ထောင်စုအစိုးရအနေဖြင့် လွှမ်းမိုးနေခြင်းသည် ပြည်နယ်အားလုံးက မကျေနပ်စရာဖြစ်စေသည့် အကြောင်းမှန်ဖြစ်သည်ဟုလည်း တင်ပြထားသည်။[၃]

အခြေခံဥပဒေပြဋ္ဌာန်းချက်အချို့ကို ဝေဖန်ဆွေးနွေး၍ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရန် အကြံပေးထားသည့်အပြင် အခြေခံဥပဒေပါ တတိယဇယား။ စာရင်း ၁ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်က မကျေနပ်သည့်အချက်များကိုလည်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် ဖော်ပြထားသည်။ တတိယဇယား။ စာရင်း ၁ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းတွင်

၁။ ။ ကာကွယ်ရေး။ ။ ဆိုလိုရင်းမှာ ယေဘုယျအားဖြင့် နိုင်ငံကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊ စစ်တွင်းကာလတွင် စစ်အောင်နိုင်ရေးနှင့် စစ်အပြီးတွင် စစ်တပ်များကို ထိရောက်စွာဖျက်သိမ်းနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ခြင်းတို့ပါဝင်သော ပြည်ထောင်စုနိုင်ငံနှင့်တကွ ပြည်ထောင်စုနိုင်ငံ၏ အစိတ်အပိုင်းများ၏ ကာကွယ်ရေး၊ ထို့ပြင်အထူးအားဖြင့်

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၁ – ၂၂။
၂ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၂၂။
၃ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၂။

(၁) ရေတပ်၊ ကုန်းတပ်၊ လေတပ်များဖွဲ့စည်းရေး၊ လေ့ကျင့်ရေး၊ ထားရှိရေးနှင့် ကြီးကြပ်အုပ်ချုပ်ရေးများ။ ပြည်ထောင်စုနိုင်ငံကို ကာကွယ်ရန်ဌင်း၊ ပြည်ထောင်စုနိုင်ငံနှင့် ပြည်နယ်များ၏ တရား ဥပဒေများကို အာဏာတည်စေရန်ဌင်း၊ ထိုတပ်များကို အသုံးပြုရေး။
(၂) . . .
(၃) . . .
(၄) တပ်မြေများတွင် ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေး ထိုဒေသများအတွင်း တပ်မြေအာဏာပိုင်များ ဖွဲ့စည်းရေးနှင့် အာဏာများအပ်နှင်းရေး၊ ထိုဒေသများအတွင်း အိမ်နေရာထိုင်ခင်း စည်းမျဉ်းသတ်မှတ်ပေးရေးနှင့် ထိုဒေသများ၏ နယ်နိမိတ်သတ်မှတ်ရေးများ

(၅) လက်နက်များ၊ အမြောက်သေနတ်များ၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ဝတ္တုပစ္စည်းများ[၁] ဟု

ဟုပါရှိသည်နှင့် ပတ်သက်၍ ပြည်ထောင်စုနိုင်ငံနှင့် ပြည်နယ်များ၏ တရားဥပဒေများကို အာဏာတည်စေရန် တပ်များကိုအသုံးပြုခဲ့ရာ၌ လွန်ခဲ့သည့် ရွေးကောက်ပွဲအထိ အုပ်ချုပ်ရေးချို့တဲ့မှု၊ မကျွမ်းကျင်မှု၊ နိုင်ငံရေးကစားမှုများကြောင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် မကျေနပ်မှုများရှိခဲ့ကြောင်း၊ ရှမ်းပြည်၌ လက်နက်ကိုင်အဖွဲ့များဖွဲ့စည်းခဲ့ရာ နားလည်မှုမရှိကြသည့်အတွက် မလိုလားအပ်သော အခက်အခဲများပေါ်ပေါက်ခဲ့ကြောင်း၊ ပြည်နယ်များ၏ တရားဥပဒေများကို အာဏာတည်စေရန်အတွက် တပ်မတော်အား ဥပဒေအရ ပေးအပ်ထားသောအာဏာရပ်များကို ယခု ငြိမ်ဝပ်ပိပြားရေးရရှိလာပြီးဖြစ်၍ ပြန်လည်စီစစ်ကာ ပြုပြင်သင့်ကြောင်း၊ သို့မှသာတပ်မတော်နှင့် မြို့ပြဆိုင်ရာဌာနတို့သည် မိမိတို့ဆိုင်ရာလုပ်ငန်းများကို ကတ္တားခြား၍ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းတင်ပြထားသည်။ အပိုဒ် (၄) နှင့် ပတ်သက်၍ တပ်မြေများတီထွင်ရာတွင် ရှမ်းပြည်၌အခက်အခဲများ ကြုံတွေ့ရကြောင်း၊ တပ်မြေအတွက် သိမ်းယူခဲ့သည့် အချို့မြေများနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် သဘောတူစာချုပ်များ မချုပ်ဆိုရသေးကြောင်း၊ တပ်မြေစနစ်မှာ အင်္ဂလိပ်ခေတ်ကစနစ်ဖြစ်၍ ယခုအခါ ခေတ်မမှတော့ကြောင်းနှင့် ထိုစနစ်အရ ဆောင်ရွက်ခြင်းဖြင့် မြို့နေလူထုအခက်အခဲ ကြုံတွေ့ရကြောင်း တင်ပြထားသည်။ အပိုဒ် (၅)နှင့် ပတ်သက်၍လည်း ရှမ်းပြည်နယ်အစိုးရသည် ငြိမ်ဝပ်ပိပြားရေးကို တာဝန်ယူရသော်လည်း ခေတ်မီလက်နက်ငယ်များ ချို့တဲ့ကြောင်း၊ ရောင်စုံသူပုန်နှင့် သူခိုးဓားပြများကပင် တစ်ခါတစ်ရံ လက်နက်အင်အား သာလွန်နေကြောင်းနှင့် ရှမ်းပြည်သို့ လက်နက်ခဲယမ်းမီးကျောက်များ ထုတ်ပေးရေးတွင် အထက်အာဏာပိုင်အချို့၏ အယူအဆလွဲနေကြောင်းလည်း တင်ပြထားသည်။ ရှမ်းပြည်နယ်အစိုးရသည် ပြည်သူ့ ငြိမ်ဝပ်ပိပြားရေးအတွက် ဆောင်ရွက်ရန် အာဏာရှိသော်လည်း ရှမ်းပြည်နယ်ရဲအဖွဲ့အတွက် လိုအပ်သည့်လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူရေးအတွက် အာဏာမရှိကြောင်း၊ စော်ဘွားများအာဏာစွန့်လွှတ်ပြီးသည့်နောက် ရဲအဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းခဲ့သော်လည်း လက်နက်မပြည့်စုံသဖြင့် ငြိမ်ဝပ်ပိပြားရေးကို ထိရောက်စွာ မဆောင်ရွက်နိုင်ကြောင်းလည်း ဖော်ပြထားသည်။[၂]

အခြေခံဥပဒေပါ – တတိယဇယား။ စာရင်း ၁ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းပါ – အောက်ပါအချက်များနှင့် ပတ်သက်၍လည်း ရှမ်းပြည်နယ်၏ မကျေနပ်ချက်များကို ဖော်ပြထားသည်။

၂။ ။ ပြည်ပရေးရာ။
(၂) ကမ္ဘာ့ကုလသမဂ္ဂ။
(၃) ပြည်ထောင်အချင်းချင်းညီလာခံများ။ အသင်းများနှင့်အခြားအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ထိုညီလာခံအသင်းအဖွဲ့တို့၏ဆုံးဖြတ်ချက်များကို အထမြောက်စေရေး။

---

၁ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ တတိယဇယား၊ စာရင်း ၁ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်း။
၂ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၂ ။

(၅) အခြားနိုင်ငံများနှင့်၊ စာချုပ်များသဘောတူညီချက်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး။
(၆) နိုင်ငံခြားများနှင့် ကူးသန်းရောင်းဝယ်ခြင်းကို စည်းမျဉ်းသတ်မှတ်ရေး။
(၇) နိုင်ငံခြားနှင့် ချေးငှားရေး။
(၁၆) ပြည်ထောင်စုအစိုးရက သတ်မှတ်ထားသော အကောက်နယ်နိမိတ်များကို ဖြတ်သန်း၍ ယူဆောင်သော ဝင်ကုန်နှင့်ထွက်ကုန်။

၃။ ဆက်သွယ်ရေး။

(၁၁) စာပို့ဆောင်ရေးနှင့် ကြေးနန်းဆက်သွယ်ရေး စကားပြောကြေးနန်းဆက်သွယ်ရေး၊ ဝိုင်ယာလက်၊ အသံလွှင့်ရေးနှင့်အခြားအလားတူ ဆက်သွယ်ရေးများ။

၄။ ဘဏ္ဍာရေး။

(၁) ပြည်ထောင်စုနိုင်ငံကိုအခြေပြု၍ ငွေချေးယူခြင်း။
(၂) နိုင်ငံခြားသို့ပို့သော ထွက်ကုန်များအပေါ်တွင် စည်းကြပ်သောအကောက်တော်လည်းပါဝင်သည့်အကောက်တော်များ။
(၄) ကုန်စည်းရောင်းဝယ်ခြင်းတို့အပေါ်တွင် စည်းကြပ်သောအခွန်များ။
(၆) အမြတ်တော်ခွန်များ။
(၉) ကွယ်လွန်သူပိုင်ပစ္စည်းအပေါ်တွင် စည်းကြပ်သောအခွန်နှင့် ပစ္စည်းဆက်ခံခွန်များ။
(၁၀) အမြတ်ကြီးခွန်။
(၁၁) ငွေစုဘဏ်။
(၁၂) ငွေလွှဲစာချုပ်များ၊ ချက်လက်မှတ်များ အော်ဒီမန်စာချုပ်များနှင့် အခြားစာချုပ်များအပေါ်တွင် စည်းကြပ်သော တံဆိပ်တော်ခွန်များ။

၅။ အရပ်ရပ်ဆိုင်ရာ။

(၄) ပြည်ထောင်စုနိုင်ငံများအတွက် ပစ္စည်းရယူရေး။
(၁၁) ပြည်ထောင်စုနိုင်ငံအပေါ်၌ တင်ရှိသောကြွေးမြီ။
(၁၃) တရားဥပဒေနှင့် ကျင့်ထုံး၊ အထူးအားဖြင့် ထိုဥပဒေနှင့်ကျင့်ထုံးတို့တွင် ကလေးသူငယ်များနှင့် အရွယ်မရောက်သူများ၊ မွေးစားခြင်း၊ ပစ္စည်းလွှဲပြောင်းရေး၊ ယုံပုံလွှဲအပ်ထားသဖြင့် စီမံပိုင်ခွင့်ရှိသူများနှင့် ထိုသို့လွှဲအပ်ထားရေး၊ ပဋိညာဉ်များ၊ အနုညာတစီရင်ဆုံးဖြတ်ရေး လူမွဲစာခံရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ ရှုံးသွပ်ခြင်းတို့နှင့် စပ်လျဉ်းသော တရားဥပဒေများပါဝင်သည်။
(၁၆) သတင်းစာများ၊ စာအုပ်များနှင့် စာပုံနှိပ်စက်များ။
(၂၃) လျှပ်စစ်ဓါတ်။
(၂၈) စီမံကိန်းပြုခြင်း။
(၃၁) အလေးတင်းတောင်း စသည်တို့ကိုစံပြုခြင်း။
(၃၂) ဘိန်း၊ သို့ရာတွင် ဘိန်းအပေါ်၌ ကောက်ခံသောယစ်မျိုးခွန်မပါ။
(၃၄) ပြည်ထောင်စုတရားဥပဒေက ပြည်ထောင်စု အစိုးရ၏ကြီးကြပ်အုပ်ချုပ်ခြင်းဖြင့် ပြည်သူ့အကျိုးငှါ သင့်လျော်သည်ဟု ပြဌာန်းထားသော စက်မှုလက်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရေး။

(၃၅) သမဝါယမအသင်းများ။
(၃၆) သစ်တောများ၊ သတ္တုတွင်းများ၊ ရေနံမြေများကို သတ်မှတ်ရေး၊ သတ္တုရေနံများကို တူးဖော်၍ တိုးတက်အောင်ပြုရေး (သတ္တုတွင်းများနှင့် ရေနံမြေများသတ်မှတ်ရေး၊ ကိစ္စတွင်အလုပ်သမားအရေးနှင့် အလုပ်သမားဘေးကင်းရေးတို့ပါဝင်သည်)။

(၃၇) ပြည်ထောင်စုနိုင်ငံအတွင်းတွင် ရွှေပြောင်းနေထိုင်ရေး[၁]တို့ဖြစ်သည်။ ပြည်ပရေးရာနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အား အထောက်အပံ့ပေးရေးအတွက် စာချုပ်များချုပ်ဆိုရာတွင် ပြည်နယ်များအား တိုင်ပင်ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် ထိုစာချုပ်များကိုအကောင်အထည်ဖော်ရာတွင် ရှမ်းပြည်အတွက် အခက်အခဲများတွေ့ခဲ့ရကြောင်း၊ အခြားနိုင်ငံများနှင့်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့များနှင့်လည်းကောင်း စာချုပ်များချုပ်ဆိုရာတွင် ပြည်နယ်အစိုးရများနှင့် တိုင်ပင်ခြင်း၊ သဘောတူညီမှုကြိုတင်ရယူခြင်းနှင့် ၎င်းစာချုပ်များကို ပါလီမန်ကတည်ပြုသကဲ့သို့ ပြည်နယ်ကောင်စီများကလည်း အတည်ပြုသင့်ကြောင်း တင်ပြထားသည်။ ထို့အတူနိုင်ငံခြားတိုင်းပြည်များနှင့် ကူးသန်းရောင်းဝယ်ရေး စည်းမျဉ်းသတ်မှတ်သည့် ကိစ္စတွင်လည်း ရှမ်းပြည်နယ်အစိုးရကို ပါဝင်ခွင့်ပေးသင့်ကြောင်း၊ နိုင်ငံခြားငွေချေးငှားသုံးစွဲရေးတွင်လည်း ပြည်နယ်များပါဝင်ခံစားခွင့်မရှိသကဲ့သို့ ဖြစ်နေကြောင်းနှင့် ပြည်နယ်များကိုလည်း ၎င်းတို့၏ဘဏ္ဍာရေးအခြေနေအရ နိုင်ငံခြားငွေ ချေးငှားနိုင်သည့်အခွင့်အရေးပေးသင့်ကြောင်းလည်း ဖော်ပြထားသည်။ ပြည်ထောင်စုအစိုးရက သတ်မှတ်ထားသော အကောက်နယ်နိမိတ်များကို ဖြတ်သန်း၍ယူဆောင်ရသော ဝင်ကုန်နှင့်ထွက်ကုန်ခွန်ကိစ္စကိုလည်း ရှမ်းပြည်နယ်အစိုးရအား အပ်နှင်းပြီး ၎င်းမှရရှိသည့် အခွန်တော်ငွေကို ရှမ်းပြည်နယ်အခွန်တော်စာရင်းတွင်ထည့်သွင်းသင့်ကြောင်းလည်း အကြံပြုထားသည်။ [၂]

ဆက်သွယ်ရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရသည် အစိုးရလုပ်ငန်းများ ပိုမိုအဆင်ပြေလွယ်ကူစေရန် အတွက် ခရိုင်ဝန်ရုံးစိုက်သည့်မြို့များ နယ်ပိုင်ဝန်ထောက်ရုံးစိုက်ရာမြို့များနှင့် အရေးကြီးသည့်ရဲဌာနများတွင် ဝိုင်ယာလက်စက်များကို အသုံးပြုလျက်ရှိကြောင်း၊ ထိုကဲ့သို့အသုံးပြုခွင့်အာဏာကို ရှမ်းပြည်နယ်အစိုးရသို့ပေးထားသင့်ကြောင်း၊ ထိုကိစ္စအတွက် ရှမ်းပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရအား လိုင်စင်ခွန်ပေးရန်မသင့်ကြောင်း၊ အသံလွှင့်ရေးနှင့်ပတ်သက်၍ အခြေခံဥပဒေနှင့် အခြေခံဒီမိုကရေစီဝါဒများကို မထိခိုက်စေဘဲ ရှမ်းအမျိုးသားတို့၏ယဉ်ကျေးမှု၊ ပညာရေးတိုးတက်မှုတို့အတွက် အထူးအသုံးဝင်မည့် အသံလွှင့်ရေးအာဏာကို ရှမ်းပြည်နယ်အစိုးရအား ပေးထားသင့်ကြောင်း၊ ရှမ်းပြည်နယ်အစိုးရက အသံလွှင့်နိုင်ခဲ့လျှင် ရှမ်းပြည်၏တိုးတက်ရေးနှင့် ပြည်ထောင်စု၏ ဖွံ့ဖြိုးရေးတို့အတွက် အကျိုးရှိမည်သာ ဖြစ်ကြောင်းတင်ပြထားသည်။[၃]

ဘဏ္ဍာရေးနှင့်ပတ်သက်၍လည်း ချေးယူရသည့်ငွေကိုဆပ်ရာတွင် ပြည်နယ်များ၌လည်း သွယ်ဝိုက်၍တာဝန်ရှိသဖြင့် ပြည်နယ်အစိုးရများကို ကြိုတင်တိုင်ပင်သင့်သကဲ့သို့ စာချုပ်ကိုအတည်ပြုရာ၌လည်း ပြည်နယ်ကောင်စီ၏ အတည်ပြုချက်ရယူသင့်ကြောင်း ဖော်ပြထားသည်။ ချေးငွေကိုသုံးစွဲရာတွင် သေချာစွာစိစစ်၍အသုံးပြုသင့်ကြောင်း၊ ပြည်နယ်များကိုလည်း ငွေချေးယူခွင့်ပြုသင့်ကြောင်းလည်း တင်ပြထားသည်။ နိုင်ငံခြားပို့ကုန်အပေါ် အကောက်ခွန်နှင့် ပတ်သက်၍လည်း ပြည်နယ်များသည် ကောက်တော်ခွန်ကို ဝေပုံကျရသင့်ကြောင်း၊ ရှမ်းပြည်နယ်ထွက်ကုန်ကရသော အကောက်ခွန်မှ ကုန်ကျစရိတ်နုတ်ပြီးကျန်ငွေကို ရှမ်းပြည်နယ်အားပေးသင့်ကြောင်း၊ နိုင်ငံခြားပို့ကုန်အတွက် အကောက်ခွန်ကိုရန်ကုန်မှနေ၍ ကောက်ခံပြီးရငွေကို ပြည်ထောင်စုဘဏ္ဍာတော်အဖြစ် သိမ်းယူနေကြောင်း၊ ရှမ်းပြည်နယ်ထွက်ပို့ကုန်များမှရသည့် အခွန်ငွေကိုလည်း ပြည်ထောင်စုကပင် သိမ်းယူထားကြောင်း၊ စစ်မဖြစ်မီက အဆိုပါ ကောက်ခွန်ကို ရှမ်းပြည်က ရရှိခဲ့ကြောင်းလည်းဖော်ပြထားသည်။ ရှမ်းပြည်နယ်အတွင်းရောင်းဝယ်သောကုန်များအပေါ် ရှမ်းပြည်နယ်က အခွန်ကောက်ပြီး ၎င်းအခွန်ကို ရှမ်းပြည်နယ်အစိုးရက ရသင့်ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအရာရှိများ ထမ်းဆောင်ရသည့်အမြတ်တော်ခွန်များကို ပြည်ထောင်စုအစိုးရသို့ပေးရသည်မှာလည်း ကျေနပ်ဖွယ်မဟုတ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းမှရသော အမြတ်တော်ခွန်ကို ရှမ်းပြည်နယ်ကသာရသင့်ကြောင်း၊ အမြတ်ကြီးခွန်ကို

---

၁ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ တတိယဇယား၊ စာရင်း ၁ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်း။
၂ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၃။
၃ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၃ – ၂၄။

လည်း ရှမ်းပြည်နယ်ကရသင့်ကြောင်း၊ ကုမ္ပဏီဘဏ်များကပင်လျှင် ငွေစုဘဏ်များဖွင့်နိုင်သဖြင့် ရှမ်းပြည်နယ်အစိုးရကလည်း ငွေစုဘဏ်များဖွင့်ခွင့်ရသင့်ကြောင်း၊ အော်ဒီမန်စာချုပ်များနှင့် အခြားစာချုပ်များအပေါ် စည်းကြပ်သောတံဆိပ်တော်ခွန်များကို ရှမ်းပြည်နယ်ကရသင့်ကြောင်းများလည်း တင်ပြထားသည်။[၁]

အရပ်ရပ်ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရတွင် "ပြည်ထောင်စုနိုင်ငံကိစ္စများအတွက်ပစ္စည်းများရယူရေး"အာဏာရှိသော်လည်း ပြည်နယ်များအတွက်ပစ္စည်းရယူရေးအာဏာမရှိသဖြင့် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပြည်နယ်များအတွက် ပစ္စည်းရယူရေးအာဏာကို ထည့်သွင်းပေးထားသင့်ကြောင်း၊ "ပြည်ထောင်စုနိုင်ငံအပေါ်၌ တင်ရှိသောကြွေးမြီ" ကိစ္စနှင့်ပတ်သက်၍လည်း ပြည်ထောင်စုအစိုးရစစ်စစ်ပေါ်လာလျှင် ကန့်ကွက်ရန်မလိုသော်လည်း ယခုတည်ဆဲအခြေခံဥပဒေအရဆိုလျှင် ဘဏ္ဍာတော်များကို သုံးစွဲရာတွင် တရားမျှတမှုမရှိသဖြင့် ပြည်ထောင်စုအပေါ်တင်ရှိသော ကြွေးမြီကို ရှမ်းပြည်နယ်အစိုးရက ဝေပုံကျ၊ ကျခံရန်မသင့်ကြောင်း၊ ရှမ်းပြည်နယ်အားရာဇဝတ်ဥပဒေအုပ်ချုပ်ခွင့်များ ပေးထားသည့်နည်းတူ တရားမဥပဒေအုပ်ချုပ်ခွင့်များကိုလည်း ပေးထားသင့်ကြောင်း၊ တည်ဆဲဥပဒေအရ ရှမ်းပြည်နယ်အစိုးရတွင် အစိုးရပုံနှိပ်စက်တည်ထောင်ရန် အာဏာမရှိသကဲ့သို့ဖြစ်နေ၍ စာပုံနှိပ်စက်များကို အုပ်ချုပ်ရန် ရှမ်းပြည်နယ်အစိုးရတွင် အာဏာရှိသင့်ကြောင်းလည်း အကြံပြုထား၏။[၂]

လျှပ်စစ်ဓါတ်အားနှင့်ပတ်သက်၍လည်း ရှမ်းပြည်နယ်မှဖြတ်၍ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်နှင့် မန္တလေးစသည့်မြို့များသို့ ဓါတ်အားပေးရာတွင် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သော တောင်ကြီးကိုချန်ထားခဲ့၍ ရှမ်းပြည်နယ်အစိုးရက အရေးဆိုမှ တောင်ကြီးမြို့က ဓါတ်အားသုံးစွဲခွင့်ရကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့ကြီးမြို့ငယ်များက ဓါတ်အားသုံးလိုသော်လည်း သုံးခွင့်မရကြောင်း၊ ထိုကိစ္စကို ကုမ္ပဏီအားလည်းကောင်း၊ တစ်သီးပုဂ္ဂလအားလည်းကောင်း ဆောင်ရွက်ခွင့်မပေးသဖြင့် အခက်အခဲများရှိနေသည်နှင့်အမျှ မကျေနပ်မှုများရှိနေကြောင်း၊ ထို့ကြောင့်လျှပ်စစ်ဘုတ်အဖွဲ့က မဆောင်ရွက်နိုင်သောနေရာများတွင် ရှမ်းပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပေးသင့်ကြောင်းလည်း တင်ပြထားသည်။[၃]

ပြည်နယ်ဥပဒေပြုစာရင်းတွင် "စီမံကိန်းပြုခြင်း"နှင့်ပတ်သက်၍ ဖော်ပြထားခြင်းမရှိသဖြင့် ထိုကိစ္စကိုပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်ကြောင်းလည်း တင်ပြထားသည်။ အလေး၊ တင်း၊ တောင်း၊ စံသတ်မှတ်ခြင်းကိစ္စကို ရှမ်းပြည်နယ်အတွက်ဆိုလျှင် ရှမ်းပြည်နယ်အစိုးရအား ပြည်ထောင်စုမူနှင့်ညှိ၍ ဆောင်ရွက်ခွင့် ပေးထားသင့်ကြောင်းလည်း အဆိုပြုထား၏။ "ဘိန်း – သို့ရာတွင် ဘိန်းအပေါ်၌ကောက်ခံသောယစ်မျိုးခွန်မပါ" ဆိုသည့်ကိစ္စမှာ ရှမ်းပြည်နယ်အတွက် အလွန်အရေးကြီးသည့်ကိစ္စဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သံလွင်မြစ်အရှေ့ပိုင်းဒေသများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်ရောင်းချနေသည့် လူဦးရေမှာ မနည်းလှကြောင်း၊ ဘိန်းစိုက်ပျိုး ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းမှာ မလိုလားအပ်သော်လည်း ဘိန်းစိုက်ပျိုးရေးကို အစားထိုးရန်မလွယ်ကြောင်း၊ ယခုအခါ တရုတ်ဖြူများရန်ကြောင့်စစ်မက်ဖြစ်ပွားနေသဖြင့် ဘိန်းစိုက်ပျိုးရေးကိစ္စကို တည်ဆဲဥပဒေများအရ ပြည်နယ်အစိုးရက ဆက်လက်အုပ်ချုပ်မှသာလျှင် ၎င်းပြဿနာကို ရှင်းလင်းနိုင်မည်ထင်ကြောင်းလည်း ဖော်ပြထားသည်။[၄]

အရပ်ရပ်ဆိုင်ရာအပိုဒ် ၃၄ ပါ "ပြည်ထောင်စုတရားဥပဒေက ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်အုပ်ချုပ်ခြင်းဖြင့် ပြည်သူအကျိုးငှာ သင့်လျော်သည်ဟု ပြဋ္ဌာန်းထားသော စက်မှုလက်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရေး" ကိစ္စနှင့်ပတ်သက်၍လည်း မူလကအဓိပ္ပါယ်ကောက်ယူချက် လွဲမှားနေရာမှ လွန်ခဲ့သည့်လအနည်းငယ်အတွင်းကသာ ရှင်းလင်းသွားသဖြင့် ရှမ်းပြည်နယ်၌ စက်မှုလက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခွင့်ရခဲ့ကြောင်း၊ ပိုမို၍ရှင်းလင်းသွားစေရန် ထိုကိစ္စကို ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်းလည်း တင်ပြထားသည်။ ထို့အတူ သမဝါယမလုပ်ငန်းများသည် ရှမ်းပြည်နယ်စီးပွားရေးအတွက်လည်း အရေးပါသည့်လုပ်ငန်းဖြစ်ကြောင်း၊ သို့သော် သမဝါယမလုပ်ငန်းကို နိုင်ငံရေးအတွက်အသုံးချခဲ့သဖြင့် နာမည်ပျက်ခဲ့ရကြောင်း၊ ထို့ကြောင့်ရှမ်းပြည်နယ်ရှိ သမဝါယမလုပ်ငန်းကို ရှမ်းပြည်နယ်ကသာ အုပ်ချုပ်သင့်ကြောင်းလည်း တင်ပြထားသည်။

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၄ – ၂၅။
၂ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၅။
၃ ယင်း
၄ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၅ – ၂၆။

အပိုဒ် ၃၆ မှာလည်း ရှမ်းပြည်နယ်အတွက် အရေးကြီးသော်လည်း သစ်တော၊ သတ္တုတွင်းများ၊ ရေနံများ သတ်မှတ်သည့်ကိစ္စနှင့် ပတ်သက်၍ ပုဒ်မ ၉၃ နှင့် ၁၂၂တို့အရ ရှမ်းပြည်နယ်အစိုးရတွင် အုပ်ချုပ်ခွင့်အာဏာမရှိကြောင်း၊ လွတ်လပ်ရေးမရမီကဆိုလျှင် ရှမ်းပြည်သည် ၎င်း၏သစ်တောများကို စီမံအုပ်ချုပ်ခွင့်ရှိသော်လည်း လွတ်လပ်ရေးရပြီးမှ ထိုအုပ်ချုပ်ရေးအာဏာကို စွန့်လွှတ်ရမည့်ဘဝရောက်နေကြောင်း၊ ပြည်ထောင်စုအစိုးရက သစ်တောများကို ၎င်းတို့ကိုတိုင်အုပ်ချုပ်ပြီး အုပ်ချုပ်ခနှင့်ကုန်ကျစာရိတ်များကိုနုတ်၍ ကျန်သည့်အခွန်တော်များရှိပါက ရှမ်းပြည်နယ်သို့ပေးမည်ဟုဆိုထားသဖြင့် ရှမ်းပြည်နယ်ကရသည့် သစ်တောအခွန်တော်သည် သိန်း ၃၀ မျှရှိသဖြင့် ၎င်းကိစ္စကို အထူးကန့်ကွက်ရန်လိုကြောင်းလည်း ဖော်ပြထားသည်။ ပြည်ထောင်စုအတွင်း ရွှေ့ပြောင်းနေထိုင်ရေးနှင့်ပတ်သက်၍လည်း မြန်မာပြည်မမှ ပြည်နယ်များသို့လည်းကောင်း၊ ပြည်နယ်တစ်ခုမှအခြား ပြည်နယ်တစ်ခုသို့လည်းကောင်း လူများပြောင်းရွှေ့နေထိုင်ရန် စီစဉ်သည့်အခါ သက်ဆိုင်ရာပြည်နယ်အစိုးရ၏ သဘောတူညီချက်ကို ကြိုတင်ရယူသင့်ကြောင်းလည်းတင်ပြထားသည်။[၁]

အခြေခံဥပဒေ တတိယဇယားပါ၊ "စာရင်း ၂ ပြည်နယ်ဥပဒေပြုစာရင်း"အရ ပြည်နယ်များအားပေးထားသည့်အာဏာများမှာ အခွန်တော်ငွေသုံးစွဲရေးနှင့်ဆိုင်သည့် အာဏာများသာ ဖြစ်ကြောင်း၊ ထိုအာဏာများဖြင့် မလုံလောက်သေးကြောင်း ဖော်ပြထားသည်။ စာရင်း ၂ ပြည်နယ် ဥပဒေပြုစာရင်းပါ အောက်ပါအချက်များကိုလည်း မကျေနပ်ကြောင်းဖော်ပြထားသည်။

၂။ ။ စီးပွားရေးကိစ္စများ။

(၁) လယ်ယာစိုက်ပျိုးရေး၊ ကျွဲနွား တိရစ္ဆာန်ထောင်များနှင့် ကျွဲနွားတိရစ္ဆာန်ကျော်နင်း ဝင်ရောက်မှုတားဆီးရေး။

(၃) မြေယာ၊ မြေခွန်တော်၊ မြေယာတိုးတက်ကောင်းမွန်ရေးနှင့် လယ်ယာအမတော်ကြေးများ စုပေါင်း၍ နေရာသစ်တည်ခြင်း၊ ကြွေးမြီအပေါင်းအနှံမကင်းသော မြေယာပစ္စည်းအဆောက်အအုံများနှင့် ဝရမ်းအကပ်ခံရသော မြေယာပစ္စည်းအဆောက်အအုံများ၊ ရတနာသိုက်များ။

၃။ ။ လုံခြုံရေး။

(၃) တရားစီရင်ခြင်း၊ တရားလွှတ်တော်၏ လက်အောက်ခံရုံးများဖွဲ့စည်းအုပ်ချုပ်ပုံနှင့် ထိုရုံးများက ရရှိသော အခခွန်များ၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေးအတွက် ကာကွယ်သောသဘောဖြင့် ချုပ်နှောင်ထားခြင်း၊ ထိုသို့ချုပ်နှောင်ခြင်းခံရသူများ။

(၄) ဤစာရင်းတွင် ဖော်ပြထားသော ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ တရားလွှတ်တော်လက်အောက်ခံရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် အာဏာများ။[၂]

စီးပွားရေးကိစ္စမျး ခေါင်းစဉ်အောက်ရှိအပိုဒ် (၁) တွင် လယ်ယာစိုက်ပျိုးရေးဟုသာ ဆိုထားသည့်အတွက် တိရစ္ဆာန်ဆေးကုဌာနသည် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါမပါဆိုသည့်ပြဿနာ ပေါ်ခဲ့ဖူးကြောင်း၊ ထို့ကြောင့် ဥပဒေပြုစာရင်းများခွဲရာ၌ ပိုမိုတိကျစွာ ခွဲရန်လိုအပ်ကြောင်း ဖော်ပြထားသည်။ ထို့အတူပင် အပိုဒ် (၃) ပါမြေယာတိုးတက်ကောင်းမွန်ရေးနှင့် လယ်ယာအမတော်ကြေးများနှင့် ပတ်သက်၍လည်း ဘဏ္ဍာရေးချို့တဲ့မှုကြောင့် အရေးပေါ်လယ်ယာအမတော်ကြေးမှအပ ရှမ်းပြည်နယ်ရှိ ဆင်းရဲလှသည့်လယ်သမားများအတွက် အမတော်ငွေများကို သီးသန့်မထားနိုင်သဖြင့် သမဝါယမဌာနများနှင့် စိုက်ပျိုးရေးဘဏ်များကိုသာ အားထားခဲ့ရကြောင်း၊ သို့သော်လည်း သမဝါယမနှင့် စိုက်ပျိုးရေးဘဏ်များ အာဏာလုမှုကြောင့်လည်းကောင်း၊ သမဝါယမအသင်းများနှင့် ကျေးရွာစိုက်ပျိုးရေးဘဏ်များ နည်းပါးမှုကြောင့်လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ လယ်သမားများမှာ နှစ်စဉ်လိုအပ်သည့် အမတော်ငွေများကို လူတစ်ရာလျှင် ငါးယောက်သာရရှိမည်ဟု ခန့်မှန်းရကြောင်း၊ ဤအခြေအနေအတိုင်းသာဆိုလျှင် ရှမ်းပြည်တောင်သူလယ်သ

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၆။

၂ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ တတိယဇယား၊ စာရင်း ၂ ပြည်နယ်ဥပဒေပြုစာရင်း။

မားများသည် မြန်မာပြည်မရှိ တောင်သူလယ်သမားများနှင့် တန်းတူအခွင့်အရေးရရှိရန် နှစ်ပေါင်း ၂၀ ကာလအတွင်း ပင် လွယ်မည်မထင်ကြောင်း၊ ထို့ကြောင့်ရှမ်းပြည်နယ်တွင် လယ်ယာအမတော်ငွေ ထုတ်ပေးရေးအတွက် သမဝါယမ နှင့်စိုက်ပျိုးရေးဘဏ်များကို ပြည်မမူအရ၊ ရှမ်းပြည်နယ်ကပင် စီမံအုပ်ချုပ်သင့်ကြောင်းလည်း တင်ပြထားသည်။

လုံခြုံရေးခေါင်းစဉ်အောက်ရှိ အပိုဒ် (၃) နှင့် (၄) တို့နှင့်ပတ်သက်၍ တရားသူကြီးများခန့်ထားရေးကိစ္စကို တရားလွှတ်တော်နှင့် ညှိနှိုင်းဆဲဖြစ်ကြောင်းနှင့် ထိုကိစ္စနှင့်ပတ်သက်၍ လက်ရှိအာဏာများ မဆုံးရှုံးရအောင် အထူး သတိထားသင့်ကြောင်းများ တင်ပြထားသည်။[၁]

အခြေခံဥပဒေပါ စတုတ္ထဇယား၊ ပြည်နယ်အခွန်တော်စာရင်းနှင့် ပတ်သက်၍လည်း ဥပဒေပြုစာရင်းနှင့် အခွန်တော်စာရင်းကို ပူးတွဲလေ့လာမည်ဆိုလျှင် ပြည်နယ်ဥပဒေပြုစာရင်းအရ – ရှမ်းပြည်နယ်အား အာဏာလွှဲအပ် ထားသော ဌာနများမှာအခွန်တော် အသင့်အတင့်ရနိုင်သည့်မြေခွန်၊ သစ်တောခွန်နှင့် ယစ်မျိုးခွန်ကလွဲ၍ ကျန်ဌာန များမှာ ငွေကုန်ကျမည့်ဌာနများသာဖြစ်ကြောင်း၊ ပြည်မမှနှစ်စဉ်ရရှိသည့်ငွေများကို ခွဲဝေရာ၌ ပြည်နယ်ငယ်များကို ထောက်ရှု၍ ရှမ်းပြည်နယ်သည် နှစ်စဉ်ပင်အနစ်နာခံခဲ့ရကြောင်း၊ လက်ရှိအခြေအနေတွင် ရှမ်းပြည်နယ်၏ နှစ်စဉ်လို ငွေမှာ သိန်း ၂၅၀ မှ ၃၀၀ ခန့်အထိရှိကြောင်း၊ ထိုကြောင့် ပြည်ထောင်စုအစိုးရကကောက်ခံသိမ်းယူထားသော အခွန် တော်များမှအချို့ကို ရှမ်းပြည်နယ်သို့ပေးအပ်မှသာ ရှမ်းပြည်နယ်၏အုပ်ချုပ်ရေး၊ ကြီးပွားရေးနှင့် စီးပွားရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းလည်း တင်ပြထားသည်။[၂]

အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် အခြေခံဥပဒေပါပြဋ္ဌာန်းချက်အချို့နှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးခြင်း၊ ချွတ်ယွင်းချက်များကို ထောက်ပြခြင်းနှင့်ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုခြင်းများ ပါဝင်သည့်ပြင် အောက်ပါအထွေထွေ မကျေနပ်ချက်များကိုလည်း ဖော်ပြထားသည်။

၁။ ပင်လုံစာချုပ်သဘောထားများ၊ ကတိပေးချက်များကို ပါလီမန်ကသော်လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးကသော်လည်းကောင်း၊ အရေးပါသော အရာရှိကြီးငယ်များကသော်လည်းကောင်း သတိမရ၊ သတိမမူခြင်း၊

၂။ အခြေခံဥပဒေပုဒ်မများကို တဘက်သတ်အဓိပ္ပါယ်ပြန်ဆိုခြင်း၊

၃။ ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရများအား တိုင်ပင်ရန် မလိုဟုယူဆခြင်း၊

၄။ ပြည်ထောင်စုအစိုးရဝန်ထမ်းအဖွဲ့များသည် ပြည်နယ်များအားအထင်အမြင်သေးခြင်း၊

၅။ ပြည်နယ်ဝန်ကြီးများကိုပင် အရှိအသေတန်ခြင်း၊

၆။ အစိုးရအမှုကိစ္စရပ်များအသီးသီး (ဘဏ္ဍာရေးအပါအဝင်) တို့ကို တဘက်သတ်ဆောင်ရွက်ခြင်း၊ အနိုင်ကျင့်ခြင်း၊

၇။ ရသင့်ရထိုက်သည့်အကူအညီများမရခဲ့ခြင်း၊

၈။ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ပါသည့် လုပ်ငန်းဆောင်တာများကို ရှမ်းပြည်နယ်အတွင်း ဆောင်ရွက် သည့်အခါ ပြည်ထောင်စုအစိုးရဌာနများသည် များသောအားဖြင့် ရှမ်းပြည်နယ်အစိုးရကို ပစ်ပယ်ထား ခြင်း၊

၉။ ရှမ်းပြည်နိုင်ငံရေးနှင့်အုပ်ချုပ်ရေးတို့တွင် ဝင်ရောက်စွက်ဖက်ခြင်း။[၃]

အခြေခံဥပဒေပြင်ရေးစာတမ်း အပိုင်း ၄ ၏ခေါင်းစဉ်မှာ "ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေး"ဖြစ်သည်။ ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေးအတွက် အကြံပြုရာတွင်

၁။ ဖွဲ့စည်းပုံစနစ်၊

၂။ အာဏာနှင့်အခွင့်အရေးခွဲဝေနည်း၊

၃။ ပါလီမန်ဖွဲ့စည်းပုံ၊

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၇။

၂ ယင်း

၃ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၈။

၄။ ပြည်ထောင်စုအခွန်တော်နှင့် ဘဏ္ဍာတော်ခွဲဝေရေး၊

၅။ ပြည်နယ်များ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး

ဆိုသည့်ခေါင်းစဉ်များဖြင့်ခွဲခြား၍ တင်ပြထားသည်။ ဖွဲ့စည်းပုံနှင့် ပတ်သက်၍ဆွေးနွေးတင်ပြထားသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူ) ကြမ်းများကို အတည်ပြုရန် တိုင်းပြည်ပြုလွှတ်တော်သို့ တင်သွင်းစဉ်ကပင် ဦးချန်ထွန်းက မလွဲမရှောင်သာ၍ ပြည်ထောင်စုနိုင်ငံမျိုးဖွဲ့စည်းထားရကြောင်း၊ ထိုပြည်ထောင်စုနိုင်ငံမှာလည်း အမေရိကန်နှင့် ဆွစ်ဇာလန်တို့ကဲ့သို့ ပြည်ထောင်စုစစ်စစ်နိုင်ငံမျိုး မဟုတ်ကြောင်း၊ ကနေဒါပုံစံတစ်နည်းအားဖြင့် အလယ်အလတ်စား ပြည်ထောင်စုနိုင်ငံမျိုးဖြစ်ကြောင်း ရှင်းပြခဲ့ပုံတို့ကို ဖော်ပြထားသည်။ ထို့ပြင် ဦးချန်ထွန်းကပင် "ကျွန်တော်တို့ရဲ့ အခြေခံဥပဒေဟာ သဘောတရားအားဖြင့် ပြည်ထောင်စုစနစ်ဖြစ်ပေမယ့် လက်တွေ့တွင် တစ်ပြည်ထောင်စနစ်ဖြစ်ပါတယ်" ဟုလည်းပြောဆိုဖူးကြောင်း၊ ထိုသို့ပြည်ထောင်စုစနစ်ဖွဲ့ပေးရသည်မှာလည်း

> ခွဲထွက်နိုင်သောအခွင့်အရေး လိုက်လျောချက်နှင့်အတူ ပြည်နယ်များဖွဲ့စည်းရေးအခဏ်းများ ထည့်သွင်းရခြင်းမှာ အမှန်တကယ်နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအရ လိုအပ်၍မဟုတ်ဘဲ နယ်စပ်ဒေသခေါင်းဆောင်များ၏ ယုံမှားသံသယများ ပြေပျောက်စေရန် ဖြစ်သည်။ တောင်ပေါ်သားများ ရုတ်တရက်မစွန့်လွှတ်နိုင်သေးသော နှစ်ရှည်လများ ဗမာများအပေါ် ထားရှိလာသည့် မယုံသင်္ကာစိတ်များကို ကုစားသောနည်း တနည်းပင်ဖြစ်သည်[၁]

ဟုဦးချန်ထွန်းက ရှင်းပြခဲ့ဖူးကြောင်းလည်း ကိုးကားဖော်ပြထားသည်။ သို့သော် နယ်စပ်ဒေသခေါင်းဆောင်များက ပြည်ထောင်စုစစ်စစ်ကို အလိုရှိသည်မှာ ဦးချန်ထွန်းယူဆသကဲ့သို့ ဗမာများအပေါ် သံသယရှိ၍ မယုံသင်္ကာ၍ မဟုတ်ကြောင်း၊ လူမျိုးတိုင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်မူအရ တောင်းခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နယ်စပ်ဒေသများအတွက် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်ဟူ၍ ပြည်နယ်များဖွဲ့စည်းသော်လည်း ဗမာပြည်မအတွက် သီးခြားပြည်နယ်ဖွဲ့စည်းထားခြင်းမရှိဘဲ ဗမာပြည်မအား ဗဟိုပြည်ထောင်စုအစိုးရနှင့်ပူးပေါင်းဖွဲ့စည်းထားလိုက်ကြောင်း၊ ထို့ကြောင့် ဤဖွဲ့စည်းပုံစနစ်ကသာ နယ်စပ်ဒေသလူမျိုးများက ဗမာများအပေါ် သံသယစိတ်နှင့် မယုံသင်္ကာစိတ်ကို ဘိုးပွားစေသည့်ပြင် တန်းတူညီမျှမှု မူကိုလည်း ပျက်စီးစေကြောင်း၊ ဤဖွဲ့စည်းပုံစနစ်သည် တစ်နေ့တွင် ပြည်ထောင်စုကြီး ပြိုကွဲစေနိုင်သောအကြောင်းအရင်းလည်းဖြစ်ကြောင်း သို့ဖြစ်၍ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်သည့်အခါတွင် ခိုင်မြဲ၍ တန်းတူညီမျှသော ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဗမာပြည်မအား ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ်အဖြစ် ဖွဲ့စည်းရမည်ဟု တင်ပြထားသည်။[၂]

အာဏာနှင့်အခွင့်အရေးခွဲဝေနည်းနှင့်ပတ်သက်၍လည်း လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံ၏ အာဏာခွဲဝေနည်းမှာ နယ်စပ်ဒေသခေါင်းဆောင်များ၏ လိုအင်ဆန္ဒနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည်ဟု ဖော်ပြထား၏။ နယ်စပ်ဒေသခေါင်းဆောင်များ လိုလားသောနည်းမှာ ပြည်ထောင်စုစစ်စစ် အာဏာခွဲဝေနည်းဖြစ်သော်လည်းလက်တွေ့တွင်မူ ပြည်နယ်များအား အာဏာကန့်သတ်ပေးပြီး ကျန်ရှိသူမျှအာဏာအားလုံးကို ဗဟိုပြည်ထောင်စုက ချုပ်ကိုင်ထားသည်ကတစ်ကြောင်း၊ ဗမာပြည်မသည်ပြည်နယ်မဟုတ်ဘဲ ဗဟိုပြည်ထောင်စုအာဏာကိုပေါင်းစည်း၍ချုပ်ကိုင်ထားသည်ကတစ်ကြောင်းတို့ကြောင့် နယ်စပ်ဒေသလူမျိုးများသည် မကျေမနပ်ဖြစ်နေကြပြီး ဗမာများကလက်ဝါးကြီးအုပ်ထားသည်ဟု မယုံသင်္ကာဖြစ်နေကြကြောင်း ထိုကြောင့်အခြေခံဥပဒေကို ပြင်ဆင်လျှင် ပြည်ထောင်စုစစ်စစ်မူအတိုင်း ဗဟိုပြည်ထောင်စုအစိုးရအား အများနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက်သာ အာဏာပေးထားပြီး ကျန်အာဏာများကို ပြည်နယ်များအားပေးထားရမည်ဟု တင်ပြထားသည်။[၃]

---

၁ (က) အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၉ – ၃၀။

(ခ) လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေသည် ပြည်နယ်များအတွက်ပါ အကျုံးဝင်ခြင်းရှိ – မရှိနှင့်ပတ်သက်၍ နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်းက တရားလွှတ်တော်ချုပ်၌ ရှင်းလင်းစဉ်က ထိုသို့ပြောခဲ့ခြင်းဖြစ်၏။ *The Nation, 2 July 1952.*

(ဂ) *Hugh Tinker, The Union of Burma; A Study of the First Year of Independence, Fourth Edition,London, Oxford University Press, 1967.p.30* နောင်ကိုးကားလျှင် *Hugh Tinker,Union of Burma* ဟုညွှန်းမည်။

၂ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၂၉ – ၃၀။

၃ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၃၀။

ပါလီမန်ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍လည်း လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံပါလီမန်၏ အထက်လွှတ်တော်ဖြစ်သော လူမျိုးစုလွှတ်တော်နှင့် အောက်လွှတ်တော်ဖြစ်သော ပြည်သူ့လွှတ်တော်တို့သည် အခွင့်အာဏာမတူကြကြောင်း၊ လူမျိုးစုလွှတ်တော်သို့ ပြည်နယ်များကလည်း ကိုယ်စားလှယ်အညီအမျှ စေလွှတ်ခွင့်မရကြောင်း၊ ပြည်ထောင်စုအစိုးရသည် လူမျိုးစုလွှတ်တော်အားတာဝန်မခံဘဲ ပြည်သူ့လွှတ်တော်ကိုသာ တာဝန်ခံသဖြင့် လူမျိုးစုလွှတ်တော်မှာ ဂုဏ်သိက္ခာမရှိသည့်ပြင် ပြည်နယ်များ၏အခွင့်အရေးကိုလည်း အကာအကွယ်မပေးနိုင်ကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေကိုပြင်လျှင် ပါလီမန်ဖွဲ့စည်းပုံကို ပြင်ရန်လိုအပ်ကြောင်း အသစ်ဖွဲ့မည့်ပါလီမန်ဖွဲ့စည်းပုံတွင် လူမျိုးစုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် တန်းတူအာဏာရရှိမည့်အပြင် ပြည်နယ်တိုင်းက ကိုယ်စားလှယ်အညီအမျှ စေလွှတ်ခွင့်ရှိရမည်ဟု တင်ပြထားသည်။[၁]

ပြည်ထောင်စုအခွန်တော်နှင့် ဘဏ္ဍာတော်ခွဲဝေရေးနှင့်ပတ်သက်၍ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင်

> လက်ရှိအခြေခံဥပဒေပုဒ်မ၊ ၉၆ (၁) အရ ပြည်နယ်များသို့ ခွဲဝေပေးထားသော အခွန်တော်ငွေများမှာ မြေခွန်တော်နှင့် သစ်တောခွန်မှလွဲ၍၊ ဘာမျှဖြစ်ဖြစ်မြောက်မြောက်မရရှိနိုင်ချေ။ ၎င်းအခွန်တော်ငွေများမှာလည်း ပြည်နယ်များ၏ သာမန်အသုံးစာရိတ် **(current expenditure)** ကိုပင် မကာမိပေ။ ပုဒ်မ၊ ၉၆ ခြွင်းချက်အရ ပြည်ထောင်စုမှပေးကမ်းသော ထောက်ပံ့ငွေကိုသာပြည်နယ်များ မှီခိုနေရလေသည်။ ပြည်ထောင်စုဘဏ္ဍာတော်ခွဲဝေရေးကိစ္စတွင် ပြည်နယ်များကျေမနပ်ဖြစ်သည်မှာ လွတ်လပ်ရေးရသည့်အချိန်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ယနေ့အထိ တိကျသောပြည်ထောင်စု ဘဏ္ဍာရေးပေါ်လီစီကို မချမှတ်နိုင်သေးချေ။ ထို့ကြောင့် နောင်တွင်ရေးဆွဲမည့် ပြည်ထောင်စုစစ်စစ်အခြေခံဥပဒေတွင် ပြည်ထောင်စုဘဏ္ဍာတော် ခွဲဝေရေးကိစ္စနှင့်ပတ်သက်၍ အလေးအနက်စဉ်းစားပြီး၊ အတိအကျပြဋ္ဌာန်းဖော်ပြထားရပေမည်။[၂]

ဟုအဆိုပြုထားသည်။

ပြည်နယ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍လည်း အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတွင် အောက်ပါအတိုင်းအကြံပြုထားသည်။

၁။ ဗမာပြည်နယ်အစရှိသည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအား ဗဟိုပြည်ထောင်စုအစိုးရကသော်၎င်း၊ ပြည်နယ်အချင်းချင်းကသော်၎င်း၊ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိစေရန်နှင့် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရရှိစေရန် အခြေခံဥပဒေတွင် အခိုင်အမာ ပြဋ္ဌာန်းထားရှိစေသင့်ပေသည်၊

၂။ အသစ်ပြုပြင်ဖွဲ့စည်းမည့် မြန်မာပြည်ထောင်စုသည် ပြည်ထောင်စုစစ်စစ်ဖြစ်လေရာ၊ ပြည်နယ်တိုင်းသည် ဗဟိုပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သော သီးခြားပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိရမည့်အပြင်၊ သီးခြားဥပဒေပြုလွှတ်တော်၊ သီးခြားအစိုးရ၊ သီးခြားတရားရုံးများ ထားရှိရပေမည်။

၃။ သီးခြားပြည်နယ်ဖွဲ့စည်းနိုင်သည့် အင်္ဂါလက္ခဏာများနှင့် မပြည့်စုံသောလူမျိုးများအဘို့ လူမျိုးစုဒေသများ (national areas) ဖွဲ့စည်းပေးပြီး လူမျိုးစုအခွင့်အရေးများ ကာကွယ်နိုင်ရန် အခြေခံဥပဒေတွင် လုံလောက်စွာ ပြဋ္ဌာန်းပေးထားရပေမည်။[၃]

---

၁ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၃၀ – ၃၁။

၂ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၃၁။

၃ အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း၊ စာ ၃၁။

ရှမ်းပြည်နယ်မှတင်သွင်းသော ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေး စာတမ်း ရေးဆွဲရာတွင် ကြိုးကိုင်ကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သော ရပလဖ မှ ဦးထွန်းအေး (နမ့်ခန်း)သည် အစည်းအဝေးများ သို့ လုံးဝတက်ရောက်ခြင်းမရှိသည့်ပြင် အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းကို သဘောမတူသဖြင့် လက်မှတ်ရေးထိုး ခြင်းလည်းမရှိပေ။[၁] ကြိုကိုင်ကော်မတီက အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းကို ရေးဆွဲပြီးသောအခါ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တောင်ကြီးမြို့၌ ပြည်လုံးကျွတ်ညီလာခံကျင်းပကာ အခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်း ကို ထိုညီလာခံက အတည်ပြုခဲ့သည်။ ထို့နောက် စဝ်ရွှေသိုက်၊ သာမိုင်း ခမ်းစော်ဘွား စဝ်ထွန်းအေး၊ စဝ်ကျော်ခေါင်၊ ဦးလှဖေ၊ ဦးစိုးမောင်နှင့် ဦးခွန်စံမြတ်တို့ ပါဝင်သော ခြောက်ဦးကော်မတီဖွဲ့ပြီး အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းနှင့် ပတ်သက်၍ တရားရေးဌာန ဝန်ကြီး ဒေါက်တာဦးဧမောင်နှင့် တွေ့ဆုံဆွေးနွေးရန် ထိုကော်မတီကိုတာဝန်ပေးခဲ့သည်။[၂]

( "မြန်မာနိုင်ငံရေး ၁၉၅၈ – ၁၉၆၂" စာတုတ္ထတွဲမှ ပြန်လည်စုဆောင်းတင်ပြပါသည်။)

၁ ပြည်နယ်ပေါင်းစုံညီလာခံမှတ်တမ်း၊ စာ ၄၁။
၂ *The Nation, 1 March 1961*